www.free4reader.com

PYI MYANMAR NEWS JOURNAL

# ပြည်မြန်မာ သတင်းဂျာနယ်

www.pyimyanmarnews.com အမှတ် (၁၁၃၂) 28-6-2018 ( ကြာသပတေးနေ့ )




## အမေရိကန်လွှတ်တော်ပုံစံတူ ချင်းပြည်နယ်လွှတ်တော်အဆောက်အအုံ မကြာမီဖွင့်မည်



ရှိန်းဝင်းထိုက်

ဓာတ်ပုံ-wikipedia

ချင်းပြည်နယ်လွှတ်တော်အဆောက်အအုံပုံစံယူတည်ဆောက်မည့် အမေရိကန်လွှတ်တော်အဆောက်အအုံ

မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် အမေရိကန်လွှတ်တော်အဆောက်အအုံပုံစံအတိုင်း အသစ်တည်ဆောက်ထားသော ချင်းပြည်နယ်၊ ဟားခါးမြို့ရှိ ပြည် နယ်လွှတ်တော် အဆောက်အအုံကို လာမည့် ပွင့်လင်းရာသီတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က ဇွန်လ ၂၂ ရက်တွင် ပြောသည်။

အဆိုပါ လွှတ်တော်အဆောက်အအုံကို နိုင်ငံတော်မှ ခွဲဝေရန်ပုံငွေဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ ယခုအခါ ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သောကြောင့် ဇူလိုင်လတွင် လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ''ရှေ့လဆိုရင် အကုန်ပြီးမှာပါ။ ပြီးရင်လည်း မိုးတွင်းဆိုတော့ ဖွင့်ဖို့ အဆင်မပြေဘူး။ ဒါကြောင့် ပွင့်လင်းရာသီရောက်မှပဲ ဖွင့်မယ်။ ဒီ လွှတ်တော်အဆောက်အအုံသစ်ကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှာ စတင်ပန္နက်ရိုက်ဆောင်ရွက်ခဲ့တာပါ'' ဟု ၎င်းကပြောသည်။

ထို့ပြင် ချင်းပြည်နယ် ဟားခါးမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟားခါးမြို့တွင် နည်းပညာတက္ကသိုလ် တည်ဆောက်ရေး၊ ကုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း ခုတင် ၅၀၀ ဆံ့ဆေးရုံအဖြစ် ဆောင်ရွက်ရေးနှင့် ချင်းပြည်နယ်အတွင်း အလားအလာရှိသော အားကစားသမားများကို ရွေးချယ်ဖော်ထုတ်၍ ခေတ်မီအားကစားနည်းစနစ်များကို . . . . စာ-၃

## ရန်ကုန်နှင့် မန္တလေးမြို့ရှိ အကျဉ်းထောင်ဧည့်တွေ့ဆောင်များကို ICRC အကူအညီဖြင့် မြှင့်တင်မည်

စာ-၁၄



ဓာတ်ပုံ - ICRC

မင်းရန်နောင်

## ICRC ဥက္ကဋ္ဌ မြန်မာနိုင်ငံသို့လာ၍ ရခိုင်ပြည်နယ်တွင် ကွင်းဆင်းလေ့လာပြီး နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံမည်

စာ-၁၀

## Mytel တွင် တပ်ချုပ်၏သားဖြစ်သူ ရှယ်ယာများ ထည့်ဝင်ထားသည်ဆိုခြင်းမှာ မဟုတ်မှန်ဟုဆို

စာ-၁၄

## သီလဝါရှိစက်မှုဝန်ကြီးဌာနပိုင် မြေဧက ၃၅၀ တွင် အထူးစက်မှုဇုန် တည်ထောင်မည်

စာ-၁၃

## အင်္ဂလန်အခြေစိုက် ရုပ်သံမီဒီယာတစ်ခုက MNL ပွဲများကို ကိုးနှစ်မူပိုင်ခွင့်ဖြင့် နိုင်ငံတကာသို့ တိုက်ရိုက်ပြသမည်

စာ-၂



www.free4reader.com



# ကရင်ပြည်နယ်၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ဈေးဝယ်စင်တာကို ကျပ် ၁၁ ဘီလျံခန့်ဖြင့် UHM ကုမ္ပဏီ တည်ဆောက်မည်



ဓာတ်ပုံ - UHM ကုမ္ပဏီ

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် ၉ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ကြာအင်းတောင်ပေါ်လမ်းထောင့်ရှိ **မြေဧရိယာ ၃ ဒသမ ၃၄၄ ဧကတွင် နိုင်ငံတကာအဆင့်မီ အဆင့်မြင့် ဇွဲကပင်ပလာဇာ ဈေးဝယ်စင်တာ တစ်ခု ကို ကျပ် ၁၁ ဘီလျံ ခန့်ဖြင့် UHM ကုမ္ပဏီက တည်ဆောက်ခွင့်ရရှိခဲ့ကြောင်း** ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်ပြောကြားချက်အရ ဇွန်လ ၂၂ ရက်တွင်သိရသည်။

ဈေးဝယ်စင်တာအတွက် ချစ်လင်းမြိုင်အစုအဖွဲ့၊ မော်လမြိုင်အခြေစိုက် UHM ကုမ္ပဏီနှင့် ဂမုန်းပွင့်ကုမ္ပဏီတို့ကို **နည်းပညာဆိုင်ရာ ပြိုင်ဆိုင်မှု၊ ပြည်နယ်အစိုးရ၏အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့်အခြားအမှတ်ပေးစနစ်များဖြင့် ယှဉ်ပြိုင်ခဲ့ရာတွင်** UHM ကုမ္ပဏီက အမှတ်အများဆုံးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီစင်တာကြီးတစ်ခု ပေါ်လာတဲ့အတွက်ကြောင့် **ပြည်နယ်အတွက် ဝင်ငွေခွန်တိုးတက်ရရှိလာမှာ ဖြစ်သလို ဒေသခံတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း ရရှိလာမှာဖြစ်ပါတယ်။** ဒါကြောင့် နည်းပညာဆိုင်ရာ ရမှတ်၊ အကျိုးတူပူးပေါင်းမှု ရမှတ်တွေကို စုပေါင်းပြီးစနစ်တကျရွေးချယ်ခဲ့တာပါ" ဟု ဝန်ကြီး ဦးသန်းနိုင်ကပြောသည်။

ဈေးဝယ်စင်တာ တည်ဆောက်မည့်ကုမ္ပဏီအနေဖြင့် ပြည်သူလူထုအတွက် အကျိုးရှိမှု၊ လုပ်ငန်းအတွေ့အကြုံရှိမှု၊ လုပ်ဆောင်နိုင်မှုနှင့် လူအများကို ဈေးရောင်းနိုင်ရန် ဆွဲဆောင်နိုင်မည့် အကြောင်းအရာများကို အလေးထားဆောင်ရွက်မည်ဖြစ်ကာ ရရှိသည့် အကျိုးအမြတ်များကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်မြို့ရွာစည်ပင်သာယာရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ "**ဒေသခံဈေးသည်တွေ၊ လုပ်ငန်းရှင်တွေ ပါဝင်ရောင်းချနိုင်အောင်မြေညီထပ်မှာ အလွှာတစ်လွှာအနေနဲ့ ထည့်သွင်းရေးဆွဲထားတယ်။ အပေါ်မှာတော့ အဆင့်မြင့် ဈေးဝယ်စင်တာတွေ၊ အဆင့်မြင့် ရုပ်ရှင်ရုံနှစ်ရုံ၊ ကစားကွင်း၊ ကရင်ရိုးရာ အစားအစာတွေကို တစ်နေရာတည်းမှာ စားနိုင်ဖို့ အဓိကထားပြီး** ကျန်အစားအစာတွေပါရောင်းချသွားဖို့ပါဝင်မှာဖြစ်ပါတယ်။ မိန်းလမ်းမပေါ်မှာ တည်ရှိနေတဲ့အတွက် ကားပါကင်ကိုစနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒီစီမံကိန်းကို ၁၁ ဘီလျံ အကြမ်းဖျင်းအားဖြင့် ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပါတယ်၊ **စာချုပ်ချုပ်လုပ်ငန်းစတင်တာနဲ့ ကျပ်သိန်း ၅၀၀၀ အစိုးရကို ပေးသွင်းပြီး စီမံကိန်းပြီးသွားရင် စီမံကိန်းရဲ့ ၂၀ ရာခိုင်နှုန်းကို အစိုးရထံလွှဲပြောင်းပေးမှာဖြစ်လို့** ပြည်သူအတွက် တိုက်ရိုက်အကျိုးရှိမယ့် အချက်အနေနဲ့ တင်ပြခဲ့တာ ဖြစ်ပါတယ်၊ **မြေနေရာငှားရမ်းမှုအနေနဲ့ နှစ် ၄၀ ပထမဦးဆုံးအကြိမ်ချုပ်ပြီး တော့ ၁၀ နှစ် နှစ်ကြိမ် စုစုပေါင်းနှစ် ၆၀ အဆိုပြုထားပါတယ်**" ဟု တင်ဒါအောင်မြင်ခဲ့သော UHM ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးထွန်းအောင်ရွှေကပြောသည်။

ရှိန်းဝင်းထိုက်

# အမေရိကန်လွှတ်တော်ပုံစံတည်ဆောက်ထားသော ချင်းပြည်နယ် လွှတ်တော်အဆောက်အအုံကို ပွင့်လင်းရာသီတွင် ဖွင့်လှစ်မည်


ဓာတ်ပုံ - Wikipedia

မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် **အမေရိကန်လွှတ်တော် အဆောက်အအုံပုံစံအတိုင်း အသစ်တည်ဆောက်ထားသော ချင်းပြည်နယ်၊ ဟားခါးမြို့ရှိ ပြည်နယ်လွှတ်တော် အဆောက်အအုံကို** လာမည့် ပွင့်လင်းရာသီတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က ဇွန်လ ၂၂ ရက်တွင်ပြောသည်။

အဆိုပါ လွှတ်တော် အဆောက်အအုံကို နိုင်ငံတော်မှ ခွဲဝေရန်ပုံငွေဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ **ယခုအခါ ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သောကြောင့်** ဇူလိုင်လတွင် လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ "ရှေ့လဆိုရင် အကုန်ပြီးမှာပါ။ ပြီးရင်လည်း မိုးတွင်းဆိုတော့ ဖွင့်ဖို့ အဆင်မပြေဘူး။ ဒါကြောင့် ပွင့်လင်းရာသီရောက်မှပဲ ဖွင့်မယ်။ ဒီလွှတ်တော် အဆောက်အအုံသစ်ကို **၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှာ စတင်ပန္နက်ရိုက်ဆောင်ရွက်ခဲ့တာပါ**" ဟု ၎င်းကပြောသည်။

ထို့ပြင် ချင်းပြည်နယ် ဟားခါးမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟားခါးမြို့တွင် **နည်းပညာတက္ကသိုလ်** တည်ဆောက်ရေး၊ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း **ခုတင် ၅၀၀ ဆံ့ဆေးရုံအဖြစ်** ဆောင်ရွက်ရေးနှင့် ချင်းပြည်နယ်အတွင်း အလားအလာရှိသော အားကစားသမားများကို ရွေးချယ် ဖော်ထုတ်၍ ခေတ်မီအားကစားနည်းစနစ်များကို သင်ကြား လေ့ကျင့်ပေးနိုင်ရန် **ဟားခါးမြို့ အားကစားနှင့်ကာယပညာသိပ္ပံ(ဟားခါး)**တည်ဆောက်ဖွင့်လှစ်ရေးဆောင်ရွက်နေကြောင်းသိရသည်။

ရှိန်းဝင်းထိုက်



# သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများကန်တော့ပွဲနှင့် မြန်မာ့အကောင်းဆုံးအားကစားသမားဆုများ ချီးမြှင့်ပွဲ ကျင်းပ




အသက် ၇၀ နှစ်အထက် သက်ကြီးဝါရင့် အားကစားကလောင်ရှင်များ ပူဇော်ကန်တော့ပွဲနှင့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမားဆုများပေးအပ်ချီးမြှင့်ပွဲကို ဇွန်လ ၂၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ(၁)တွင် ကျင်းခဲ့ရာ **မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်တို့မှ** အလှူငွေ၊ လှူဖွယ်ပစ္စည်းများနှင့် ဆုတံဆိပ်များ၊ ဆုကြေးငွေများ ပေးအပ်ခဲ့သည်။

ပထမပိုင်းအစီအစဉ်တွင် သက်ကြီးအားကစားကလောင်ရှင်ကြီးများကို **မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်နာယက ဒေါက်တာတင်ထွန်းဦး၊ ဥက္ကဋ္ဌ ဦးစိုးမိုးကျော်တို့ဦးဆောင်၍ သက်ကြီးအားကစားကလောင်ရှင်ကြီးများကို ကန်တော့ခဲ့ကြသည်။** ထို့နောက် **ဆရာကြီး ၂၃**



**ဦးတို့အတွက်** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အလှူငွေကျပ် နှစ်သိန်းစီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့မှ အလှူငွေကျပ် နှစ်သိန်း၊ လှူဖွယ်ပစ္စည်း တစ်ခြင်းစီတို့ဖြင့် ပေးအပ်လှူဒါန်းခဲ့ကြသည်။

၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမား ဆုပေးအပ်ပွဲတွင် **ဆုအမျိုးအစားငါးမျိုး** ပေးအပ်ခဲ့ပြီး **မြန်မာ့အကောင်းဆုံး အမျိုးသားအားကစားသမားဆုကို ကာယဗလမှ ထွန်းထွန်းအောင်ကလည်းကောင်း၊ မြန်မာ့အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုကို သေနတ်ပစ်မှ မေပိုးဝါကလည်းကောင်း၊ အထူးဆုအဖြစ် အကောင်းဆုံးနည်းပြဆုကို ကာယဗလမှ နည်းပြဆရာ ဦးမင်းဇော်ဦးကလည်းကောင်း၊ အသင်းလိုက်ဆုကို မြန်မာ့ရိုးရာလေ့ လှော်အသင်းမှလည်းကောင်း၊ အထူးဂုဏ်ပြုဆုအဖြစ် MMA ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်တို့က** ရရှိခဲ့ကြသည်။

မြန်မာ့အကောင်းဆုံး အားကစားသမား ဆုရကစားသမားနှစ်ဦးကို ဆုတံဆိပ်များများနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ငွေကျပ် ၁၀ သိန်းစီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ကျပ် ၁၀ သန်းစီ ပေးအပ်ချီးမြှင့်ခဲ့သည်။ အထူးဆုနှင့် အသင်းလိုက်ဆုတို့အတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ်တို့မှ ဆုတံဆိပ်များနှင့် ငွေကျပ် ငါးသိန်းစီ ပေးအပ်ခဲ့ချီးမြှင့်ခဲ့သည်။

၂၀၁၇ ခုနှစ်အတွက် အထူးဂုဏ်ပြုဆုရရှိသွားသော MMA ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆုတံဆိပ်နှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်မှ အထူးဂုဏ်ပြုလက်မှတ်တို့ကိုပေးအပ်ချီးမြှင့်ခဲ့သည်။

"အိုလံပစ်မှာ ရွှေတံဆိပ်လိုချင်လား၊ ဆီးဂိမ်းစ်မှာ ရွှေတံဆိပ်လိုချင်လား၊ ဘယ်လိုမျိုးပန်းတိုင်လိုချင်လဲလို့ ကိုယ့်ဟာကိုယ်စဉ်းစားပါ။ ပန်းတိုင်မရှိဘူးဆိုရင် ကျွန်တော်တို့ဟာ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ ပန်းတိုင်က အရမ်းအရေးကြီးပါတယ်။ **ဒီနှစ်မှာ ဘယ်လိုပန်းတိုင်လိုချင်လဲ၊ နှစ်ကုန်သွားတဲ့အခါမှာ ပြန်စဉ်းစား၊ ဘာလို့ ဒီပန်းတိုင်မရောက်တာလဲ၊ ပြောင်းလဲသင့်တာ ပြောင်းလဲရမယ်**"ဟု အောင်လအန်ဆန် က အထူးဂုဏ်ပြုဆု ရရှိခြင်းအတွက် ကျေးဇူးတင်ကစားပြောရာတွင် မြန်မာအားကစားသမားများအတွက် အားပေးစကား ထည့်သွင်းပြောကြားသွားခဲ့သည်။

မိုင်းစောလွင် (သတင်း၊ ဓာတ်ပုံ)







www.free4reader.com

www.free4reader.com


# THE CENTRAL

## WHERE THE FINEST MEETS



RETAIL STREET HANDOVER CELEBRATIONS IN JUNE & JULY

SPECIAL RESIDENTIAL PROMOTION UNITS | LUCKY DRAWS

CALL US NOW!



**HOTLINE**
+959 777 773 770
/THECENTRALYANGON

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

**GALLERY SHOWROOM**
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.

www.free4reader.com

# NLD ပါတီ၏ ဒုတိယအကြိမ်ပါတီညီလာခံက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ခြောက်ဦးနှင့် အရန်အလုပ်အမှုဆောင်ရှစ်ဦးတို့ဖြင့် တိုးချဲ့ဖွဲ့စည်း




အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံအတွင်း ဆုံးဖြတ်ချက်ဖြင့် **ဗဟိုအလုပ်အမှုဆောင်အဖွဲ့ခြောက်ဦးနှင့် အရန်အလုပ်အမှုဆောင်အဖွဲ့ရှစ်ဦးတို့ကို တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂)ဒေါက်တာဇော်မြင့်မောင်က ဇွန် ၂၄ ရက် အဆိုပါ ပါတီညီလာခံအပြီး သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုသို့ တိုးချဲ့ဖွဲ့စည်းရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တင်သွင်းလာသည့် ကိုယ်စားလှယ် ၁၄ ဦးအနက် **ဗဟိုအလုပ်အမှုဆောင်အဖွဲ့ခြောက်ဦး ရွေးချယ်ရာတွင် ဦးသိန်းဦး (ဗဟိုအဖွဲ့)၊ ဒေါက်တာတင်မျိုးဝင်း (တနင်္သာရီတိုင်းဒေသကြီး)၊ ဦးအောင်ကြည်ညွန့် (မကွေးတိုင်းဒေသကြီး)၊ ဒေါက်တာမြင့်နိုင် (စစ်ကိုင်းတိုင်းဒေသကြီး)၊ ဦးအင်ထုံးခါးနော်ဆမ်(ကချင်ပြည်နယ်)နှင့် ဦးတင်ထွန်းဦး( မန္တလေးတိုင်းဒေသကြီး)**တို့အား ရွေးချယ်ဖွဲ့စည်းခဲ့သည့်အပြင် အရန်အလုပ်အမှုဆောင်အဖွဲ့ရှစ်ဦးအဖြစ် ဦးသန်းနိုင်(ကရင်ပြည်နယ်)၊ ဦးဗိုဘွဲ့(ချင်းပြည်နယ်)၊ ဦးအောင်မြင့် (ပဲခူးတိုင်းဒေသကြီး)၊ ဒေါက်တာခင်ဆောင်(မွန်ပြည်နယ်)၊ ဦးစိုးလေး(ခ)ဦးစိုးဝင်း(ရခိုင်ပြည်နယ်)၊ ဒေါ်စုစုလွင် (ရန်ကုန်တိုင်းဒေသကြီး)၊ ဦးမောင်မောင်စိန်(ရှမ်းပြည်နယ်)နှင့် ဦးကျော်ဟိုး(ဧရာဝတီတိုင်းဒေသကြီး) တို့အား ညီလာခံဆုံးဖြတ်ချက်အရ ရွေးချယ်ဖွဲ့စည်းခဲ့သည်။

"အခုကျင်းပတဲ့ နိုင်ငံလုံးဆိုင်ရာညီလာခံကနေ **ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို** အတည်ပြုခဲ့တယ်။ နိုင်ငံရေးလုပ်ဆောင်မယ့်သူတွေကတော့ ရွေးကောက်ပွဲကိုပဲ ဦးတည်မှာပေါ့။ နိုင်ငံအကျိုး နိုင်ငံမှာဒီမိုကရေစီအမြစ်တွယ်ရေး ကျွန်တော်တို့ မျှော်မှန်းနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးဆိုတာအတွက်တော့ ပါတီတွေအားကောင်းရှင်သန်ခိုင်မာမှုဖြစ်ပါတယ်။ ပါတီတွေအားကောင်းရှင်သန်ခိုင်မာဖို့ဆိုတာ ပါတီညီလာခံတွေလုပ်ရပါတယ်။ ပါတီရဲ့ဖွဲ့စည်းပုံတွေပြင်ရပါတယ်။ လိုအပ်ရင် တိုးချဲ့ရပါတယ်"ဟု ဦးဇော်မြင့်မောင်က ရှင်းပြသည်။

ထို့အပြင် **ဗဟိုကော်မတီဝင်များအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဖွဲ့ဝင်အသစ် ၄၂ ဦးနှင့် အရန်ဗဟိုကော်မတီဝင် ၃၀ ဦးတို့ကို ရွေးချယ်ဖွဲ့စည်းခဲ့ကြကြောင်း** သိရသည်။

**မင်းရန်နောင်**

**(ဓာတ်ပုံ-အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကြားဖြတ်ရွေးကောက်ပွဲ ဝင်၊ မဝင် ယနေ့ ဆုံးဖြတ်မည်

အတိုက်ခံပါတီကြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက **ကြားဖြတ်ရွေးကောက်ပွဲ ဝင်၊ မဝင်ကို ဇွန်လ ၂၆ ရက်တွင် အစည်းအဝေးပြုလုပ်ကာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း** အဆိုပါ ပါတီက ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ နန္ဒာလှမြင့်က ပြည်မြန်မာ သတင်းဂျာနယ်သို့ ဇွန်လ ၂၅ ရက်တွင် ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည် ဖြစ်ကြောင်း ရွေးကောက်ပွဲ ကော်မရှင်က ကြေညာထားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ ၁ နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာ ၈ နေရာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၄ နေရာ **စုစုပေါင်း ၁၃ နေရာအတွက်** ကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

"၂၆ ရက်မှာ CEC အစည်းအဝေးခေါ်ထားတယ်။ အဲ့ဒီမှာ ဆုံးဖြတ်မယ်။ ၂၉ ရက်နေ့မှာ သတင်းစာရှင်းလင်းပွဲ လုပ်ပြီး ထုတ်ပြန်ပေးကြေညာပေးမယ်။ **အစည်းအဝေးကော၊ သတင်းစာ ရှင်းလင်းပွဲကောက နေပြည်တော်မှာပဲ လုပ်မှာပါ**" ဟု ဒေါက်တာ နန္ဒာလှမြင့်က ပြောသည်။

နေပြည်တော်တွင်ပြုလုပ်မည့် သတင်းစာရှင်းလင်းပွဲတွင် အသေးစိတ်ထုတ်ပြန်သွားရန် စီစဉ်ထားကြောင်းလည်း ၎င်းက ထပ်မံ ပြောသည်။

လာမည့် ကြားဖြတ်ရွေးကောက်ပွဲ **ကျင်းပမည့် နေရာများမှာ** တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် မဲဆန္ဒနယ်အဖြစ် မတူပီမြို့နယ်၊ တမူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ မင်းဘူးမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အဖြစ် ကန်ပက်လက်မြို့နယ်၊ လဲချားမြို့နယ်၊ တာမွေမြို့နယ်၊ မြင်းခြံမြို့နယ်၊ အမျိုးသားလွှတ်တော်အတွက် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) တို့တွင်ဖြစ်ကြောင်း သိရသည်။

**ထက်အောင်ဖြိုး**

# မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဒလကြိုးတံတားဒီဇိုင်း ပြန်လည်ပြင်ဆင်ရေးဆွဲမည်ဖြစ်သောကြောင့် ယခုနှစ်ကုန်ပိုင်းမှသာ တည်ဆောက်နိုင်မည်

ကိုရီးယားနိုင်ငံအစိုးရ ထောက်ပံ့မှုဖြင့် တည်ဆောက်မည့် **မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလကြိုးတံတား၏ ဒီဇိုင်းကိုပြန်လည်ပြင်ဆင်ရေးဆွဲမည်ဖြစ်သောကြောင့် တည်ဆောက်မည့်အချိန်ကိုလည်း ယခုနှစ်ကုန်ပိုင်းသို့ ရွှေ့ဆိုင်းလိုက်ကြောင်း** ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ သိရသည်။

ငါးနှစ်တာကြာမြင့်မည့် အဆိုပါကြိုးတံတားအတွက် **ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၄ သန်း လျာထားပြီး ထိုကုန်ကျမှုများအနက် အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းကို ကိုရီးယား သမ္မတနိုင်ငံမှ EDCF Loan ချေးငွေ ကူညီမှုဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း၊** ထိုမြစ်ကူးကြိုးတံတားစီမံကိန်းနှင့် ပတ်သက်၍ **ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းဘက်မှ တင်ပြချက်များကိုလည်း နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း** သိရသည်။ **တံတားဒီဇိုင်းသစ်ကို ပြန်လည်ရေးဆွဲရာတွင် ရေလမ်းအနေအထားအရ တံတားခန်းဖွင့် တိုးချဲ့ရန်လိုအပ်ခြင်းကြောင့် ရေလမ်းကြောင်းကိုရဲ့ကာ ပြန်လည်ရေးဆွဲမည်ဖြစ်ပြီး** လက်ရှိတွင် တံတားဒီဇိုင်းပုံစံကို စတင်ရေးဆွဲနေပြီဖြစ်ကြောင်း၊ **တံတားဒီဇိုင်းသစ်ရေးဆွဲရာတွင် လေးလမှခြောက်လကြား ကြာမြင့်မည်ဖြစ်သောကြောင့် တံတားတည်ဆောက်ချိန်မှာ ယခုနှစ်ကုန်ပိုင်းသို့ ရွှေ့ဆိုင်းသွားခြင်းဖြစ်ကြောင်း** ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ဖြတ်ကူးတည်ဆောက်မည့် ကြိုးတံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး ယခင်မူလဒီဇိုင်း၌ စုစုပေါင်း တံတားအရှည် ၁၈၇၂ ဒသမ ၅ မီတာ (၆၁၄၄ ပေ) ရှည်လျားကာ ပင်မတံတား အရှည်မှာ ၅၉၀ မီတာ ( ၁၉၃၆ ပေ) ရှည်လျားသည့် **လေးလမ်းသွားတံတား** အမျိုးအစားဖြစ်ကြောင်း၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားအရှည်မှာ ၆၆၅ မီတာ (၂၁၈၂ ပေ) ရှည်လျားပြီး လှိုင်မြစ်အတွင်း သွားလာနေသော တန်ချိန် ၁၅၀၀၀ ရှိ DWT Cargo သင်္ဘောကြီးများ ရေလမ်း ကင်းလွတ်စွာ သွားလာနိုင်ရန် ရေလမ်းကင်းလွတ်အမြင့် ၄၉ မီတာ (၁၆၀ပေ) ရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၀ မီတာ (၅၂၅ ပေ) ဖြင့် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ထိုဒီဇိုင်းမှာ အရှည်အားဖြင့် အစက်အစဲမရှိသော်လည်း ရေလမ်းကင်းလွတ်အမြင့်နှင့် အကျယ်တို့မှာ သင်္ဘောကြီးများ ဖြတ်သန်းသွားလာရာတွင် အစက်အစဲမဖြစ်ပေါ်စေရေးအတွက် ဆိပ်ကမ်းအာဏာပိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ နှစ်ဖက်ညှိနှိုင်းသဘောတူညီကာ ဒီဇိုင်းပြန်လည်ရေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။ တံတားတည်ဆောက်ရာတွင် ရန်ကုန်ဘက်ခြမ်း ဘုန်းကြီးလမ်းထိပ်နှင့် ဒလဘက်ကမ်း ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Snow**

# မြန်မာပရိသတ်များဂုဏ်ယူနိုင်ရန် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ၌ ဂျပန်လက်ဝှေ့သမားကို အနိုင်ထိုးသွားမည်ဟု အောင်လအန်ဆန်ပြော



ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်သည် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ထိုးသတ်သွားမည့် **One မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအတွက် မြန်မာပရိသတ်များ ဂုဏ်ယူနိုင်စေရန် အကောင်းဆုံးကြိုးစားပြင်ဆင်ထားပြီး ဂျပန် MMA ချန်ပီယံ ဟာစဲဂါဝါကို အနိုင်ထိုးသွားမည်ဖြစ်ကြောင်း** အောင်လအန်ဆန်က ပြောသည်။

ယခုလ ၂၉ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံကြီးတွင် ကျင်းပသွားမည့် ထို MMA ပြိုင်ပွဲကြီးကို **" Spirit of A Warrior "**ဟု အမည်ပေးထားပြီး အောင်လအန်ဆန်က ဂျပန် MMA ချန်ပီယံ ဟာစဲဂါဝါနှင့် ကမ္ဘာ့ ချန်ပီယံခါးပတ်ကာကွယ်ပွဲ ယှဉ်ပြိုင်ထိုးသတ်သွားရမည်ဖြစ်သည်။ ``ဒီပွဲအတွက်ဆိုပြီးတော့ **ကျွန်တော် ကစားတာ ကိုးပတ်ရှိပြီ၊ တစ်နေ့ကို နှစ်ခေါက် ကျွန်တော်ကစားတာ၊ တစ်ကြိမ်မှာ နှစ်နာရီခွဲ သုံးနာရီလောက် ကစားတယ်၊ ပြီးတော့ ကောင်းကောင်းမွန် မွန်စားတယ်၊ ကောင်းကောင်းမွန်မွန်နားတယ်၊ ကျွန်တော်ကစားရမှာ ဂျပန်နိုင်ငံက နံပါတ်ဝမ်းနဲ့ ကစားရမှာဖြစ်တယ်၊ အဲဒီအတွက်အကောင်းဆုံးတွေ ပြင်ဆင်ထားတယ်၊ နိုင်မယ်လို့ယုံကြည်တယ်။** မြန်မာပြည်မှာ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တွေအတွက် ဂုဏ်ယူနိုင်အောင် အရမ်းကြိုးစားထားတယ်။ ဒီကိုးပတ်လုံး မနားဘဲနဲ့ ကျွန်တော်ကြိုးစားထားတယ်။ အကောင်းဆုံးအနေနဲ့ ကျွန်တော် ယှဉ်ပြိုင်မယ်။ ကျွန်တော်အရင်ပွဲ တွေနိုင်တာ မြန်မာပြည်မှာဖြစ်လို့နိုင်တာမဟုတ်ဘူး။ အဲဒီလိုမျိုး အယူသည်းတာမျိုး ကျွန်တော်မရှိဘူး။ ကြိုးစားမှုနဲ့ ပြင်ဆင်မှုကြောင့် ကျွန်တော်နိုင်တယ်လို့ ယုံကြည်တယ်။ အဲဒီပြင်ဆင်မှု ကြိုးစားမှုအတွက် အားစိုက်မှုက ဘယ်ကရလဲဆိုရင် ကျွန်တော့် ပရိသတ်တွေပေးတဲ့ အားကနေယူတယ်။ ဒီပွဲအတွက် အကောင်းဆုံး ကစားပေးမယ်လို့ ကတိပေးတယ်`` ဟု အောင်လအန်ဆန်က ပြောသည်။

အောင်လအန်ဆန်၏ ကမ္ဘာ့ချန်ပီယံခါးပတ်ကို စိန်ခေါ်ထိုးသတ်ခွင့် ရရှိသည့် ဂျပန်ဖိုက်တာ ဟာစဲဂါဝါသည် ဂျပန် **Deep MMA** ပြိုင်ပွဲတွင် ချန်ပီယံခါးပတ်ကို ရရှိထားသူဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက် ၁၆ပွဲနိုင်၊ တစ်ပွဲ သရေ၊ ၂ပွဲရှုံး ရလဒ်ကို ရရှိထားသူဖြစ်သည်။ **အသက်၃၁နှစ်အရွယ်ရှိ ဟာစဲဂါဝါသည် Ground Fight ကို ပို၍ အားပြုတိုက်ခိုက်တတ်သူဖြစ်ကာ အချုပ်ကွက်များဖြင့် ပြိုင်ဘက်အများစုကို ပထမ အချီအတွင်းမှာပင် ပွဲပြတ်အောင်ထိုးသတ်ထားနိုင်ပြီး** ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ရက်က နောက်ဆုံးယှဉ်ပြိုင်ထိုးသတ်ထားခဲ့သည့် MMA ပြိုင်ပွဲ၌ ပြိုင်ဘက် ဂျပန်လက်ဝှေ့ သမားကို ပထမအချီ ၃မိနစ်နှင့် ၉စက္ကန့်တွင် အနိုင် ရရှိထားသည်။ သို့သော်လည်း **အောင်လအန်ဆန်သည် စင်ကာပူအခြေစိုက် One Championship အဖွဲ့ကြီး၏ MMA (Mixed Martial Arts) မစ်ဒယ်ဝိတ်နှင့် လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံ ခါးပတ်နှစ်ခုကို ရရှိအောင်စွမ်းဆောင်ထားနိုင်သူဖြစ်**သည်။ မိုင်းစောလွင် (သတင်း၊ ဓာတ်ပုံ)

www.free4reader.com



PHOTO ALBUM
မှတ်တမ်းဓာတ်ပုံ မြင်ကွင်းစုံ


ဖီလေးကျွန်းပေါ်ရှိ ကျောင်းဆောင်များ

# နိုင်းမြစ်ထဲက နတ်ဘုရားကျွန်းလေး

ဒေါက်တာနုမြတ်သီဂီဦး


နိုင်းမြစ်အတွင်းရှိ ဖီလေးကျွန်း


ကျွန်းပေါ်သို့ရောက်ဖို့ စက်လှေ ၁၅ မိနစ်ခန့်စီးရ


လှေပေါ်တွင် နူဘီယာလူမျိုးတွေနဲ့ အမှတ်တရ


နိုင်းမြစ်အတွင်းမှ လှမ်းမြင်ရသော အိုင်းစစ်(စ်)ကျောင်းဆောင်


တိုင်တွေစီတန်းနေသည့် နံရံတစ်ဖက်တစ်ချက်ရှိ ရင်ပြင်ကြီး

ရှေးခေတ်အီဂျစ် ကျောက်ထွင်းပန်းချီထွင်းထုထားတဲ့ တံတိုင်းကြီးတွေ ကာရံထားပြီး မိုးပေါ်ထောင်ထွက်နေတဲ့ ကျောက်တိုင်ကြီးတွေ စီတန်းနေကာ နမ်းဖက်ကျောက်တွေနဲ့ လှပစွာတည်ဆောက်ထားတဲ့ ကျောင်းဆောင်ရှိရာ အီဂျစ်ကျွန်းလေးက စိတ်ကူးယဉ်စရာကောင်းလောက်အောင်လှပါတယ်။ အခုတောင် ဒီလောက်လှတာ ရှေးခေတ်ကဆို ဆေးရောင်စုံတွေနဲ့ ဘယ်လောက်များလှနေလိမ့်မလဲဆိုတာကို တွေးနေမိတယ်။ အဲဒီကျွန်းလေးကတော့ အီဂျစ်နိုင်ငံ အာစွဝန်မြို့နဲ့ တစ်မိုင်လောက်ဝေးတဲ့ နေရာမှာရှိတဲ့ ဖီလေး (Philae) ကျွန်းလေးပဲဖြစ်ပါတယ်။ နိုင်းလ်မြစ်ထဲမှာရှိတဲ့ ကျွန်းလေးဖြစ်ပြီး အာစွဝန်ရေကာတာရဲ့ တောင်ဘက် ၇ ဒသမ ၄၅ မိုင် အကွာမှာရှိပါတယ်။ ကျွန်းဆီရောက်ဖို့ နိုင်းမြစ်ကမ်းစပ်လှေဆိပ်ကနေ ၁၅ မိနစ်လောက် စက်လှေစီးသွားရပါတယ်။

ဖီလေးကျွန်းပေါ်မှာ ကျောင်းဆောင်တွေ၊ အဆောက်အအုံတွေ များစွာရှိနေပေမယ့် အကြီးဆုံးနဲ့နာမည် အကျော်ကြားဆုံးကျောင်းဆောင်ကတော့ အိုင်းစစ်(စ်) ကျောင်းဆောင် (Temple of Isis) ပဲဖြစ်ပါတယ်။ အီဂျစ်နတ်ဖုရားတို့ရဲ့ ဘုရင်မ အိုင်းစစ်(စ်)နတ်ဖုရားမကို ရည်စူးပြီး တည်ဆောက်ထားခဲ့တဲ့ ဒီကျောင်းဆောင်မှာ အိုင်းစစ်(စ်)နတ်ဖုရားမအပြင် အစ်ကိုတော်နဲ့ ခင်ပွန်းတော်စပ်သူ အိုဆိုင်းရစ်(စ်)နဲ့ သားတော် ဟောရပ်(စ်)တို့ကိုပါ ရှေးအီဂျစ်တွေ ကိုးကွယ်ပူဇော်ခဲ့ကြတာပါ။ အိုင်းစစ်(စ်)နတ်ဖုရားမဟာ မြေနတ်ဖုရား Gut နဲ့ ကောင်းကင်နတ်ဖုရားမ Nut တို့ရဲ့ သမီးတော်ဖြစ်ပြီး သူ့ရဲ့သားတော် ဟောရပ်(စ်)ဟာ အီဂျစ်ပြည်ပေါင်းစည်းပြီးနောက် ပထမဆုံးအုပ်ချုပ်သူဖြစ်လို့ အိုင်းစစ်(စ်)ကို ဖာရိုဘုရင်တွေရဲ့ မိခင်အဖြစ်ရော၊ ကာကွယ်စောင့်ရှောက်သူအဖြစ်ပါ ကိုးကွယ်လေ့ရှိကြပါတယ်။

အကောင်းဆုံးထိန်းသိမ်းထားရှိတဲ့ Ptolemaic ကျောင်းဆောင်သုံးခုထဲ ပါဝင်တဲ့ ဒီကျောင်းဆောင်ကို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော် ၃၇၀ ဘီစီလောက်တုန်းက ဖာရိုဘုရင် Ptolemy II က စတည်ဆောက်ခဲ့ပြီး အီဂျစ်ပြည် ရောမလက်အောက်ကျရောက်တဲ့အခါ ရောမအင်ပါယာတွေက အပြီးသတ်ဆောက်လုပ်ခဲ့တာပါ။ ဒီကျောင်းဆောင်ဟာ နူဘီယာလူမျိုးတွေရဲ့ အရေးအကြီးဆုံး ဘာသာရေးအဆောက်အအုံတစ်ခုလည်းပဲ ဖြစ်ပါတယ်။

စိတ်ဝင်စားစရာကောင်းတဲ့အချက်တစ်ခုက အခုလက်ရှိ ခရီးသွားဧည့်သည်တွေ သွားရောက်နေတဲ့ ဖီလေးကျွန်းဟာ နဂိုမူလကျွန်းအစစ်မဟုတ်တာကိုပါ။ ကျွန်းအစစ်က ရေအောက်ရောက်သွားပါပြီ။ အာစွဝန်ရေကာတာကြီး ၁၉၇၀ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီးတဲ့နောက် မူလဖီလေးကျွန်းနဲ့ ကျွန်းပေါ်ကကျောင်းဆောင်တွေဟာ ရေလွှမ်းမိုးတဲ့ ဒဏ်ခံရပါတယ်။ ဒါပေမယ့် UNESCO ကနေ ဦးဆောင်ပြီး မူလကျွန်းကနေ မီတာ ၅၀၀ အကွာရှိတဲ့ ပိုမြောက်သွေ့ပြီး ရေလွတ်တဲ့ အဂျီလီကာ (Agilika) ကျွန်းပေါ်ကို ဖီလေးကျွန်းပေါ်က ကျောင်းဆောင်တွေ ပြောင်းရွှေ့ဆောက်လုပ်ခဲ့ကြပါတယ်။ ၁၉၇၂ ခုနှစ်ကနေ ၁၉၈၀ ခုနှစ်အထိ ရှစ်နှစ်ကြာရွှေ့ပြောင်းခဲ့ရတာဖြစ်ပြီး ရွှေ့ပြောင်းစားရိတ် အမေရိကန်ဒေါ်လာ သန်း ၃၀ လောက်အကုန်အကျခံခဲ့ရတာပါ။ စုစုပေါင်းအလေးချိန် တန်ပေါင်း ၂၄၀၀၀ ကျော်ရှိတဲ့ ဘုရားကျောင်းကြီးကို အပိုင်းအစပေါင်း လေးသောင်းကျော်ဖြစ်အောင် ဖြတ်ယူပြီး ကျွန်းအသစ်မှာ မူလပုံအတိုင်းဖြစ်အောင် ကျောက်တုံးကြီးတွေ တစ်တုံးပြီးတစ်တုံး ပြန်လည်တည်ဆောက်ခဲ့ရတာပါ။

ကျွန်းအသစ်ဟာလည်း ရေလွှမ်းမိုးနိုင်ချေရှိလို့ ကျောင်းဆောင်ကြီးရှိရာ ကျွန်းပတ်ပတ်လည်မှာ နမ်းဖတ်ကျောက်နံရံတွေနဲ့ အမြင့်ကြီးထားထားတာ တွေ့ရပါတယ်။ ကျောင်းဆောင်အတွင်းခန်းတွေဆီရောက်ဖို့ ကျောက်တိုင်ကြီးတွေစီတန်းနေတဲ့ နံရံတစ်ဖက်တစ်ချက်ရှိတဲ့ ရင်ပြင်ကျယ်ကြီးတွေကနေတဆင့် တံတိုင်းမြင့်ကြီးနှစ်ခုကို ဖြတ်ရပါတယ်။ တံတိုင်းကြီးတွေပေါ်မှာ စစ်တိုက်နေတဲ့ပုံ၊ နတ်ဘုရားတွေကို ပူဇော်ပသနေတဲ့ပုံတွေကို ကျောက်ထွင်းပန်းချီအနေနဲ့ တွေ့ခဲ့ရပါတယ်။ ညဘက်တွေမှာ ကျောင်းဆောင်ကြီးနောက်ခံပြီး အသံနဲ့ မီးအလင်းရောင်ကစားတဲ့ ပြပွဲတွေ ကြည့်ရှုခံစားနိုင်တယ်လို့ သိရပါတယ်။

ဒေါက်တာနုမြတ်သီဂီဦး


ကျွန်းပေါ်ရှိ လှေဆိပ်


အနုစိတ်ထွင်းထုထားသည့် ကျောက်တိုင်ကြီးများ


ဒုတိယတံတိုင်းကြီးရှေ့က ခြင်္သေ့ရုပ်များ


ကျွန်းပေါ်ရှိ အဆုံးမရှိ အချစ်နတ်ဖုရားကျောင်းဟု တင်စားကြသည့် ဟာသော်နတ်ဖုရားကျောင်း


ရင်ပြင်အဆုံးတွင် တွေ့ရသည့် တံတိုင်းကြီး


ရှေးခေတ်က တွေ့မြင်ရမည့် ကျောင်းဆောင်အတွင်းပိုင်း


ကျွန်းပေါ်ရှိ ဘုရားဝတ်ပြုရာဝန်ရာ

# ရန်ကုန်မြို့ပတ်လမ်းပိုင်းရှိ ကားနှင့် ရထားဖြတ်ကူးရာ နေရာရှစ်ခုတွင် ကားများအမြန်ဖြတ်ကူးနိုင်ရန် ယခုနှစ်အတွင်းလုပ်ဆောင်မည်

ရန်ကုန်မြို့ပတ်လမ်းရှိ ကားနှင့်ရထားဖြတ်ကူးရာ နေရာရှစ်ခုတွင် ပိုမိုမြန်ဆန်စွာဖြတ်ကူးနိုင်သော Level Crossing များကို ယခုနှစ်အတွင်း တပ်ဆင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား (အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းပြောကြားချက်အရ ဇွန်လ ၂၃ ရက်တွင် သိရသည်။

''နေရာကြီးရှစ်ခုမှာ တပ်ပါမယ်။ ရထားလမ်းပေါ်ကို ကားလမ်းတွေဖြတ်သွားတဲ့အခါ မြန်မြန်ဖြတ်နိုင်ဖို့လိုပါတယ်။ အဲဒီအတွက် လမ်းချောမွေ့ဖို့လိုပါတယ်။ ဒါကြောင့် မကြာခင်တပ်မယ်'' ဟု ၎င်းက ပြောသည်။

အဆိုပါ Level Crossing များတပ်ဆင်မှုကို JICA အကူအညီဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မြန်မာ့မီးရထားမှ အင်ဂျင်နီယာများဖြင့် ပူးပေါင်းကာ **အင်းစိန်၊ အောင်ဆန်း၊ ကြို့ကုန်း၊ အုတ်ကျင်း၊ သမိုင်းမြို့သစ်၊ ပါရမီ၊ ကမာရွတ်နှင့် ရွာမကျောင်းလမ်း** စသည့်နေရာရှစ်ခုတွင် ကနဦး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှုကို **နေ့စဉ်ရထားတွဲဆိုင်းကြီး ၂၅ ဆိုင်း၊ ခေါက်ရေ ၂၂၀ ပြေးဆွဲပေးနေပြီး နေ့စဉ်စရိတ်သည် ၉၀၀၀၀ ကျော် လိုက်ပါစီးနင်းမှုရှိကြောင်းနှင့်** လက်ရှိပြေးဆွဲနေသည့် မီးရထားလမ်းများကိုလည်း အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှိန်းဝင်းထိုက်**

# ပြည့်တန်ဆာတိုက်ဖျက်ရေးဥပဒေဖြင့် နှိမ်နင်းခဲ့သည့်အတွက် ပြည့်တန်ဆာလျော့ကျမှုကို မတွေ့ရဟုဆို

ပြည့်တန်ဆာတိုက်ဖျက်ရေးဥပဒေဖြင့် နှိမ်နင်းခဲ့သည့်အတွက် ပြည့်တန်ဆာလျော့ကျမှုကိုမတွေ့ရကြောင်း ပြည်ကြီးခင်အဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါ်နွယ်ဇင်ဝင်းက ဇွန်လ ၂၃ ရက်ကပြုလုပ်သော ဒီဘိဗ္ဗိဒီဘိတ်အစီအစဉ်တွင် ပြောသည်။

''**အင်္ဂလိပ်လက်ထက်တုန်းက ပြဋ္ဌာန်းခဲ့တာကတော့ နှိမ်နင်းဖို့ပေါ့၊ ဒါပေမဲ့ ဒီကာလတွေတောက်လျှောက်မှာတော့ နှိမ်နင်းခဲ့တဲ့အတွက်ကြောင့် လျော့ကျသွားတယ်ဆိုတာကို ကျွန်မတို့ မတွေ့ရဘဲ ခွဲခြားနှိမ့်ချမှုတွေ၊ ပြီးတဲ့အခါကျရင် ဒီအတွက်ကြောင့်ပဲ အကြမ်းဖက်မှုတွေ၊ ခေါင်းပုံဖြတ်တာတွေ၊ လူကုန်ကူးတာတွေ ဒါမျိုးတွေကို HIV ကာကွယ်ရေးလုပ်ငန်း လုပ်ခဲ့တဲ့အခါမှာ တောက်လျှောက်ကြုံခဲ့ရတယ်**'' ဟု ၎င်းကဆိုသည်။

ပြည့်တန်ဆာလုပ်ငန်းများမရှိလျှင် အကောင်းဆုံးဖြစ်ပြီး လက်ရှိတွင် ပြည့်တန်ဆာလုပ်ငန်းက မှောင်ခိုဈေးကွက်အနေဖြင့်ရှိနေသော်လည်း နှိပ်ကွပ်ရေးဥပဒေဖြင့် ဖမ်းဆီးနေခြင်းက အဆိုပါပြဿနာကို ဖြေရှင်းရန်အဖြေမဟုတ်ကြောင်း ဒေါ်နွယ်ဇင်ဝင်းကဆိုသည်။

''**အမျိုးသမီးတွေကို ဖမ်းလိုက်တဲ့အခါမှာ** သူတို့မိသားစုတွေ ဒုက္ခရောက်သွားတယ်။ နောက်ပြီးတော့ ကျွန်မပြောချင်တာက **ဒီဥပဒေက ဘယ်သူတွေအပေါ်မှာ အကျိုးသက်ရောက်လဲပေါ့၊** ပြည့်တန်ဆာလို့ပဲပြောပြော၊ လိင်အလုပ်သမလို့ပဲပြောပြော ဒီထဲမှာ ပုံစံမျိုးစုံနဲ့လှုပ်ရှားတာရှိတယ်။ ဒါပေမဲ့ ကျွန်မတို့လုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီဥပဒေရဲ့ အကျိုးသက်ရောက်မှုကို ခံစားပြီးတော့ခံနေရတာ တကယ်ပိုက်ဆံများများရပြီး ဟိုတယ်တွေမှာလုပ်တဲ့သူအတွက် ဘာမှ အကျိုးသက်ရောက်မှုမရှိသလို **ဒီနေ့မှ မိသားစုအတွက် ထွက်ပြီးမရှာရင် ပြဿနာရှိနိုင်တဲ့**အတွက် ဒီလုပ်ငန်းကို မလွဲမသွေ **ရွေးချယ်စရာမရှိဘဲလုပ်လိုက်ရတဲ့ အမျိုးသမီးတွေအပေါ်မှာ အင်မတန် အန္တရာယ်ကျရောက်လွယ်တဲ့ အမျိုးသမီးအုပ်စုပေါ့၊ အောက်ခြေမှာလုပ်နေရတဲ့ လိင်အလုပ်သမတွေက ဒီဒဏ်ကို ခါးစည်းပြီးခံနေရတယ်လို့ ပြောချင်ပါတယ်**'' ဟု ၎င်းက ပြောသည်။

**ထက်အောင်ဖြိုး**

# မုန်းချောင်းရေတိုက်စားမှုကြောင့် ပွင့်ဖြူမြို့နယ်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို အရေးပေါ် ရွှေ့ပြောင်းလိုက်ရ

မကွေးတိုင်းဒေသကြီး **ပွင့်ဖြူမြို့နယ်တွင် မုန်းချောင်းရေတိုက်စားမှုကြောင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို အရေးပေါ်ရွှေ့ပြောင်းလိုက်ရပြီး ကျောင်းပြန်လည်တည်ဆောက်ရေးအတွက် အခက်အခဲများရှိနေကြောင်း** သတင်းရရှိသည်။

အဆိုပါ ဘုန်းတော်ကြီးကျောင်းသည် ပွင့်ဖြူမြို့နယ် ညောင်ခြံကျေးရွာ၏ ရွာဦးကျောင်းဖြစ်ပြီး **လွန်ခဲ့သည့်သုံးနှစ်ခန့်ကလည်း အဆိုပါ ဘုန်းတော်ကြီးကျောင်းတွင်တည်ထားသော စေတီတော်နှစ်ဆူနှင့် တန်ဆောင်းတို့ ကမ်းပါးပြိုရာတွင်ပါသွားခဲ့ရကြောင်း** သိရသည်။

''**ကျောင်းမှာရှိတဲ့ဘုရားတွေလည်း လူထုအင်အား ၂၀၀ လောက်နဲ့** လှည်းပေါ်တင်ပြီး ရွှေ့ရပါတယ်။ ဇွန်လ ၂၀ က စရွှေ့ပြီး ၂၁ ရက်မှာပြီးပါတယ်။ ကျောင်းကြီးကိုလည်း ဖျက်ဆီးပြီးရွှေ့လိုက်ရတာပါ။ **ရေအရမ်းတိုက်စားတော့ ရွှေ့လိုက်ရတာပါ။** ကာလတန်ကြေး ကျပ်သိန်း ၄၀၀ ကျော်လောက်ရှိတဲ့ကျောင်းကို ဖျက်လိုက်ရတာပေါ့'' ဟု ညောင်ခြံကျေးရွာ ဘုန်းတော်ကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော် ဦးဥတ္တရက ပြည်မြန်မာသတင်းဂျာနယ်သို့ မိန့်ကြားသည်။


Photo - Phone Myint FB

**ကျောင်းမပျက်စီးစေရေးအတွက်သာ အဓိကထား ရွှေ့လိုက်ရခြင်းဖြစ်ကာ ကျောင်းပြန်လည်တည်ဆောက်ရန်အတွက် နေရာသတ်မှတ်ရခြင်းမရှိသေးဘဲ ငွေကြေးအင်အားလည်း နည်းပါးနေကြောင်း** ဆရာတော်ကမိန့်သည်။

မကွေးတိုင်းဒေသကြီး **ပွင့်ဖြူမြို့နယ်**အတွင်းရှိ ကျေးရွာများတွင်လည်း ကမ်းပါးပြိုမှုများရှိနေပြီး **မင်းတုန်းမြို့နယ်တွင်လည်း အလားတူပြဿနာရှိနေကာ** အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင်လည်း ကမ်းပါးပြိုသည့်ပြဿနာကို ကြုံတွေ့ရမှုများ ရှိနေသည်။

**ထက်အောင်ဖြိုး**

# မှတ်ပုံတင်ပြီးသားကုမ္ပဏီများ ဩဂုတ်လမှစတင်၍ ခြောက်လအတွင်းအပြီး အွန်လိုင်းစနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ရမည်

မြန်မာနိုင်ငံ **ကုမ္ပဏီများ ဥပဒေ ၂၀၁၇ စတင်အာဏာတည်သည့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်မှစ၍ မှတ်ပုံတင်ပြီးသားကုမ္ပဏီများ ခြောက်လအတွင်း အပြီး အီလက်ထရောနစ် မှတ်ပုံတင်စနစ် Myanmar Companies Online (MyCo)** ဖြင့် ပြန်လည်မှတ်ပုံတင်ရမည်**ဖြစ်ကြောင်း** မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

''အခုတော့ အီလက်ထရောနစ်မှတ်ပုံတင်စနစ်နဲ့ ပတ်သက်ပြီး အများပြည်သူတွေ သိနိုင်အောင် ကျွန်တော်တို့ ဌာနရဲ့ ဖေ့ဘုတ်၊ ဝက်ဘ်ဆိုက်တွေမှာ **နမူနာပုံစံတွေကို တင်ပြထားပါတယ်၊** နားမလည်ဘူးဆိုရင်လည်း သက်ဆိုင်ရာဌာနတွေကို ဆက်သွယ်မေးမြန်းနိုင်မှာဖြစ်ပါတယ်။ ဥပဒေသစ်အရတော့ **မှတ်ပုံတင်ပြီးသားကုမ္ပဏီတွေအားလုံးက ပြန်လည်မှတ်ပုံတင်ကိုတင်ရမှာဖြစ်ပါတယ်**'' ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်အား စတင်အသုံးပြုနိုင်ရန်ရည်ရွယ်ပြီး နမူနာပုံစံများကိုလည်း သက်ဆိုင်ရာဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ **ကုမ္ပဏီရေးရာဌာနခွဲအနေ ဖြင့် ဇူလိုင်လ ၂၃ ရက်မှစ၍ ဇူလိုင်လကုန်အထိ လုပ်ငန်းများ ခေတ္တရပ်နားထားမည်ဖြစ်ပြီး ကုမ္ပဏီဆိုင်ရာ မှတ်ပုံတင်လုပ်ငန်းများကို ဩဂုတ်လ ၁ ရက်မှ ပြန်လည်ဆောင်ရွက်မည်ဖြစ်**ကြောင်း သိရသည်။ ပြန်လည်မှတ်ပုံတင်ရမည့်လုပ်ငန်းများတွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေတို့နှင့် **မှတ်ပုံတင်ထားသော တည်ဆဲကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ အားလုံးပါဝင်မည်ဖြစ်ပြီး** ပြန်လည်မှတ်ပုံတင်ခြင်းအတွက် အခကြေးငွေပေးသွင်းရန်မလိုကြောင်း သိရသည်။

**ပြည့်ရည်ဖူး**

# ၂၀၁၅ ခုနှစ်က စတင်လုပ်ဆောင်နေသည့် မြန်မာနိုင်ငံသားပိုင် လက်လီလက်ကားကုမ္ပဏီများ မှတ်ပုံတင်ရမည်

**၂၀၁၅ ခုနှစ်က စတင်လုပ်ဆောင်နေသည့် မြန်မာနိုင်ငံသားပိုင် လက်လီလက်ကားကုမ္ပဏီများ၌ မှတ်ပုံတင်စနစ်မရှိသေးခြင်းကြောင့် လက်လီလက်ကားရောင်းချခွင့်ပြုသည့် အမိန့်ကြော်ငြာစာအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ချိုသက်မှူးက ဇွန်လ ၂၁ ရက်တွင် ပြောသည်။

''**အရင်တုန်းက လက်လီလက်ကားလုပ်ငန်းတွေကို ခွင့်ပြုခဲ့တဲ့ အချိန်တုန်းက ဘာသတ်မှတ်ချက်မှမပါဘူး၊ အခုတော့ သတ်မှတ်ချက်ထဲဝင်သွားအောင် အားလုံးပြန်ပြီး မှတ်ပုံတင်ရမယ်၊ မှတ်ပုံတင်ဖို့ကို ဘယ်အချိန်ကို နောက်ဆုံးတင်ရမယ်ဆိုတာကိုတော့ ညှိနှိုင်းနေဆဲဖြစ်ပါတယ်၊** ပြီးမှ တရားဝင်ထုတ်ပြန်ပေးမှာဖြစ်ပါတယ်'' ဟု ယင်းကပြောသည်။

မြန်မာနိုင်ငံသားများလုပ်ဆောင်နေသည့် လက်လီလက်ကားကုမ္ပဏီများသည် မှတ်ပုံတင်စနစ်မရှိသေးသည့် အတွက်ကြောင့် လက်လီလက်ကားရောင်းချခြင်းလုပ်ငန်းကို ယင်းတို့ရင်းနှီးမြှုပ်နှံနိုင်သည့် ကနဦးရင်းနှီးငွေပမာဏဖြင့် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသား နှင့် နိုင်ငံခြားသားပေါင်းစည်း ဆောင်ရွက်သည့် ကုမ္ပဏီများကို လက်လီလက်ကားရောင်းချခွင့်ပြုခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာရန်၊ ဖြန့်ဖြူးရောင်းချမှုများ ယှဉ်ပြိုင်မှုများအားကောင်းလာခြင်းအားဖြင့် စားသုံးသူများ ရွေးချယ်ခွင့် ပိုမိုရရှိစေရန်၊ ပြည်တွင်းက ထုတ်လုပ်သည့် ကုန်စည်များ အရည်အသွေးမြင့်တက်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ **လက်လီလက်ကား ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ခြင်းကို တစ်ကြိမ်တည်းသာ ပြုလုပ်ရမည်ဆိုသော်လည်း ဆိုင်ခွဲဖွင့်တိုင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို** အကြောင်းကြားရမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ရည်ဖူး**

## အမည်ပြောင်းခြင်း

ဦးမောင်လှ ၅/ရဥန(နိုင်)၀၄၈၉၃၉ + ဒေါ်လင်းရှိန် ၅/ဟမလ(နိုင်)၁၁၄၃၃၄ တို့၏သား စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်စမ်းကျင်ကျေးရွာနေ မောင်ဇာဏီဖြိုးအစား မောင်ဇာနည်ဖြိုး၊ မောင်ရာဇာဖြိုးအစား မောင်ဇေယျာဖြိုးဟု ပြောင်းလဲ ခေါ်ပါရန်။

မောင်ဇာနည်ဖြိုး၊ မောင်ဇေယျာဖြိုး

ပြည်မြန်မာသတင်းဂျာနယ် | Swesone Media Group၊ Central Tower၊ ပထမထပ်၊ အနော်ရထာလမ်း (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၉၂၉၂၀၊ ၃၀၅၂၉၃၊ ၃၉၂၇၃၉

www.free4reader.com



**"တရားမျှတမှုကို လူတိုင်းလိုချင်တယ်၊ ဒါကိုရဖို့အတွက် တစ်ယောက်ကို တစ်ယောက် လေးစားမှုရှိရပါမယ်"**

# တရားမျှတ လွတ်လပ်ခြင်း



ဒေါက်တာ ခင်မောင်ညို

## နိုင်ငံတော်သီချင်းနဲ့ ဘောလုံး

"စာရေးဆရာတွေဟာ ဟောပြောပွဲတွေမှာ သီချင်းတွေဆိုကြတယ်။ ခင်ဗျားလည်းဆိုပါလား"တဲ့။

မြွောက်ပေးရင်လုပ်တတ်တဲ့ကျွန်တော်ဟာ ဟောပြောပွဲတစ်ခုမှာ နိုင်ငံတော်သီချင်းကိုဆိုပါတယ်။

"တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ၊ လောက်ပဲဆိုရသေးတယ်။ အောက်က ဒီသီချင်းကိုလိုက်ဆိုကြတယ်။ ကျွန်တော်ဆိုစရာမလိုတော့ဘူး။ ကောင်းလိုက်တာ"

"လူတိုင်းရတယ်ဗျ"

ကျွန်တော်ပြောတော့ ကိုဘသစ်က ရယ်နေတယ်။

"ဘာလို့ရယ်တာလဲ"

"ဒါက နိုင်ငံတော်သီချင်းလေ။ လူတိုင်းရမှာပေါ့"

"ဒါပေမဲ့ ကျွန်တော် ကမ္ဘာ့ဖလား (World Cup)မှာပါဝင်တဲ့ ဘောသမားအချို့ဟာ သူတို့သီချင်းကို သူတို့မရတာတွေရှိတယ်"

"တိတိကျကျ ပြောပါဦး"

"ကမ္ဘာ့ဖလားပြိုင်ပွဲအဖွင့်မှာ ရုရှားနဲ့ ဆော်ဒီအာရေဗျတို့ပွဲပြုလုပ်တယ်။ အဲဒီမှာ သူတို့နိုင်ငံနှစ်ခုက အလံနှစ်ခုကိုလွှင့်တင်တယ်"

"ရုရှားအလံနဲ့ ဆော်ဒီအာရေဗျတို့ရဲ့ နိုင်ငံတော်အလံတွေပေါ့"

"ဟုတ်ပါတယ်။ ပြီးတော့ နိုင်ငံတော်သီချင်းကို ဆိုတယ်။ ဆော်ဒီကအရင်ဆိုတယ်။ ရုရှားက နောက်ကလိုက်ဆိုတယ်။ တစ်ယောက်စီကို အနီးကပ်ရိုက်ပြတယ်။ တချို့ကမဆိုဘူး။ သူတို့ သီချင်းရဟန်မတူဘူး"

"ဖြစ်နိုင်ပါတယ်။ ဘောလုံးသမားတွေဟာ ရှက်နေတာလည်းပါတယ်။ တချို့ကို နိုင်ငံခြားကနေ ခေါ်ထားတာတွေရှိတယ်။ နယ်စပ်တစ်နေရာက ခေါ်ထားတာလည်းရှိတယ်"

"အင်း ... ကမ္ဘာ့ဖလားဟာ လူသန်းထောင့်ငါးရာလောက်ကြည့်တယ်။ နိုင်ငံ ၃၂ နိုင်ငံက ခြေစစ်ပွဲအောင်မြင်ပြီး ဝင်ကန်ကြတာ။ သူက ကြေးစား(Professional)တွေပါဝင်ကစားကြလို့ အင်မတန်ကြည့်ကောင်းတာပါပဲ။ ၆၄ ပွဲကန်မယ်လို့ဆိုတယ်"

## ကြေးစား(Professional)တွေ

"ကြည့်ကောင်းတာပေါ့။ လူတွေ အိပ်ရေးပျက်ခံပြီး ကြည့်ကြတယ်။ **ဒါနဲ့ ခင်ဗျားပြောတဲ့ (Professional)တွေကို ကြေးစားလို့ပြောတာထက် လုပ်ငန်းကျွမ်းကျင်သူတို့ ဘာသာပြန်သင့်တယ်၊ လုပ်ငန်းကျွမ်းကျင်သူတွေကို နေရာတကာမှာ တန်ဖိုးထားကြတယ်၊** ပိုက်ဆံလည်း တနင့်တပိုးယူတယ်။ ပြီးတော့ ဒီလိုလုပ်ငန်းကိုလည်း ထိထိရောက်ရောက်လုပ်နိုင်သူတွေကို (Professional)လို့ ခေါ်တာမဟုတ်လား"

"မှန်ပါတယ်။ (Professional)နဲ့ပတ်သက်ပြီး ကျွန်တော်သတိရတာလေး ပြောချင်တယ်။ ၁၉၉၀ ပြည့်နှစ်မှာ ကူဝိတ်ကို အီရတ်တွေကျူးကျော်တဲ့စစ်ဖြစ်ဖူးတယ်။ ကူဝိတ်ကိုစစ်ကူဖို့ အမေရိကန်တွေဝင်လာတယ်။ အီရတ်တွေရှုံးပြီး ဆုတ်ခွာသွားရတယ်"

"ဒီလိုကျူးကျော်မှုဟာ တကယ်တော့ ဇာတ်တူသားစားတာပါပဲ။ အာရပ်နိုင်ငံတွေ အချင်းချင်းတိုက်တာပဲ"

"မှန်တာပေါ့။ အဲဒီအချိန်ကစပြီး အနောက်ပိုင်းကစစ်တပ်တွေ အရှေ့အလယ်ပိုင်းကို ဝင်ရောက်ခဲ့တာပဲ။ ကျွန်တော်ပြောချင်တာက အဲဒီအီရတ်ကကျူးကျော်တဲ့ ဆက်ဒန်ဟူစိန်တပ်တွေကို အမေရိကန်တွေ တိုက်ထုတ်နိုင်ခဲ့တယ်၊ အီရတ်ကို ကမ္ဘာက လူတွေမုန်းသွားကြတယ်"

"ဒီခေတ်မှာ နိုင်ငံတစ်နိုင်ငံက တခြားနိုင်ငံကို ဝင်ရောက်သိမ်းပိုက်တာ မရှိတော့ဘူး။ လုပ်လို့မရတော့ဘူး။ ဒါကြောင့် အမေရိကန်တွေ ဝင်တိုက်တာပေါ့။ အီရတ်တွေ ရှုံးတာပဲ"

"ဒါပေမဲ့ ဆိုးတာက တပ်ဆုတ်သွားတဲ့အီရတ်တွေဟာ ကူဝိတ်ကရေနံတွင်းတွေကို မီးရှို့သွားတာပါပဲ"

"ဒါကတော့ အနိုင်ကျင့်တာပဲလေ။ ၁၉၄၀ ပြည့်နှစ်အလွန်က ဒုတိယကမ္ဘာစစ်မှာ ဗြိတိသျှတွေ မြန်မာပြည်ကနေထွက်ခွာတဲ့အခါမှာ သံလျင်ရေနံချက်စက်ရုံကို မီးရှို့သွားသေးတာပဲ"

"မှန်ပါတယ်။ ရေနံတွင်းကိုတော့ မီးငြိမ်းသတ်ရတာ အင်မတန်ခက်တယ်၊ အန္တရာယ်လည်း အင်မတန်ကြီးတယ်။ ဒါကြောင့် ရေနံတွင်းတွေငြိမ်းသတ်ဖို့ ကြေးစား(Professional)တွေ ခေါ်ရတယ်"

"ကျွမ်းကျင်သူတွေပေါ့ . . . ဟုတ်လား"

"အင်း ... ဘောလုံးကြေးစား (Professional)တွေကိုလည်း ဒီလိုသန်းချီပေးရတာပဲ"

"ကျွန်တော်တို့စာရေးဆရာတွေကိုတော့ ဒီလိုမပေးပါလား"

"ပေးပါတယ်။ ခင်ဗျားမသိလို့ပါ။ **ဟယ်ရီပေါ်တာရေးတဲ့ J.K.Rowling ဆိုရင် အင်္ဂလန်မှာ ဘုရင်မကြီးပြီးရင် အချမ်းသာဆုံးဖြစ်နေတယ်၊ သူချမ်းသာတာတွေဟာ စာမူခတွေပါပဲ"**

"မြန်မာနိုင်ငံကစာရေးဆရာတွေ မပါဘူးမဟုတ်လား"

"တစ်ချိန်က ဆရာတက္ကသိုလ်ဘုန်းနိုင်တို့၊ ဆရာနွမ်ဂျာသိုင်းတို့၊ မောင်စိန်ဝင်း(ပုတီးကုန်း)တို့ကို စာတစ်အုပ်ရေးရင် ထုတ်ဝေသူတွေက ကားတစ်စီးပေးတယ်လို့ ကြားဖူးတယ်"

"ထုတ်ဝေသူတွေက အကျိုးအမြတ်ရတာကိုး"

"မှန်ပါတယ်။ တစ်ချိန်က စာအုပ်ရောင်းအား အင်မတန်ကောင်းတယ်။ ခုလည်း ဒီလိုအောင်မြင်နေတဲ့စာရေးဆရာတချို့ရှိပါတယ်။ ထုတ်ဝေသူတွေ၊ စီးပွားရေးသမားတွေဟာ သူတို့အကျိုးအမြတ်ရှိလို့ ဒီလိုပေးတာပဲလေ"

## ကမ္ဘာ့ဖလားမှာ

"ဘောသမားတွေလည်း ဒီလိုရတယ်ဆိုတာ ဘောလုံးပွဲကြည့်သူတွေများလို့ပေါ့။ ဘောလုံးတွေကို (Professional)တွေ ကန်ကြတယ်။ ကောင်းတဲ့ဘောလုံးပွဲတွေက ပိုက်ဆံအများကြီးရတာကိုး"

> **ဘောလုံးပွဲ ကြိုက်ရတာကတော့ ဘောလုံးပွဲကို ဘယ်သူကနိုင်မယ်ဆိုတာ ခန့်မှန်းလို့မရဘူး။ ဒါကြောင့် စိတ်လှုပ်ရှားမှု (Excitement) ကိုရတယ်။ ပြီးတော့ ကမ္ဘာ့ဖလားပွဲမှာ နိုင်ငံရဲ့မျိုးချစ်စိတ်တွေကို ပြသလို့ရတယ်။**

"ခုကမ္ဘာ့ဖလားမှာ ကျင်းပတဲ့အိမ်ရှင်နိုင်ငံကော အကျိုးအမြတ်ရှိလား"

"ရှိတာပေါ့ဗျာ။ ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် အမြတ်ငွေ အနည်းဆုံး ဘီလျံ ၂၀ ရမယ်လို့ ခန့်မှန်းထားတယ်"

"ဒေါ်လာသန်းပေါင်း နှစ်သောင်းဆိုတော့ မက်လောက်တာပဲ"

"မှန်တာပေါ့။ လာမယ့် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပွဲကို နိုင်ငံ ၄၈ နိုင်ငံက ပါဝင်ဖို့လျာထားတယ်"

"ဒါဆို ပွဲပေါင်း ၈၀ လောက်ဖြစ်မှာပေါ့"

"မှန်တယ်။ ဒီပွဲတွေကို မက္ကဆီကို၊ ကနေဒါနဲ့ အမေရိကန်ပြည်ထောင်စု သုံးနိုင်ငံမှာ ပူးတွဲကျင်းပမယ်တဲ့"

"ဒီသုံးနိုင်ငံဟာ ဆက်လျက်ပဲမဟုတ်လား"

"ဟုတ်ပါတယ်။ ဒီသုံးနိုင်ငံဟာ နိုင်ငံတစ်ခုက မြို့တစ်မြို့နဲ့ နောက်တစ်မြို့အကွာအဝေးကတော့ မနီးလှဘူး။ မိုင် ၂၀၀၀ ကနေ မိုင် ၅၀၀၀ လောက်ကွာဝေးတယ်"

"အဝေးကြီးပါပဲလား"

"မှန်ပါတယ်။ နိုင်ငံတွေက အကြီးကြီးပဲ။ ဒါပေမဲ့ တစ်မြို့ကနေတစ်မြို့သွားရင် ၂ နာရီကနေ ၆ နာရီလောက်ပဲကြာပါတယ်။ သူတို့ သေသေချာချာ စီမံခန့်ခွဲလို့ရတယ်"

## စိတ်ဓာတ်

"လူတွေဟာ ဘာလို့ ဘောလုံးကို ဒီလောက်ကြိုက်တာလဲ"

"အားလုံးကြိုက်တာတော့ မဟုတ်ပါဘူး။ တီဗီကနေကြည့်တဲ့သူ သန်းတစ်ထောင်ကျော်တယ်။ ကွင်းကိုလာတဲ့ Fan တွေလည်း သန်းချီရှိတယ်၊ **ဘောလုံးပွဲကြိုက်ရတာကတော့ ဘောလုံးပွဲကို ဘယ်သူကနိုင်မယ်ဆိုတာ ခန့်မှန်းလို့မရဘူး၊ ဒါကြောင့် စိတ်လှုပ်ရှားမှု (Excitement) ကိုရတယ်၊ ပြီးတော့ ကမ္ဘာ့ဖလားပွဲမှာ နိုင်ငံရဲ့မျိုးချစ်စိတ်တွေကို ပြသလို့ရတယ်၊** နိုင်ငံရေးနဲ့ပတ်သက်တဲ့ စိတ်ဓာတ်တွေပါတယ်။ ဘောလုံးနဲ့ပတ်သက်ပြီး ထူးထူးခြားခြား မျိုးချစ်စိတ်တွေပေါ်ထွန်းတာကို လူကြီးတွေပြောတာ ကြားဖူးတယ်"

"ပြောပါဦး"

"၁၉၃၀ ပြည့်နှစ်အလွန်မှာတော့ မြန်မာတွေဟာ အင်မတန်ညှိုးငယ်နေကြတယ်။ ဗြိတိသျှတွေဟာ တို့နိုင်ငံကိုသိမ်းသွားတာ အနှစ် ၅၀ လောက်ရှိလာပြီ။ ကျွန်ဘဝကလွတ်မြောက်ဖို့မမြင်ဘူး။ အင်္ဂလိပ်တွေဟာ မြန်မာတွေထက် အစစအရာရာမှာ သာနေတယ်လို့ထင်လာကြတယ်"

"စိတ်ဓာတ်ကျတာ အဆိုးဆုံးပဲ"

"မှန်ပါတယ်။ အဲဒီအချိန်မှာပဲ ရန်ကုန်တက္ကသိုလ်ရောက်နေတဲ့ မြန်မာလူငယ်လေးတွေဟာ တက္ကသိုလ်ဘောလုံးအသင်းကို ဖွဲ့စည်းနိုင်ခဲ့တယ်။ သူတို့ဟာ ဘောလုံးကလပ်ထဲ ပါလာကြတယ်။ ဒါကြောင့် ဘီအေအေ(ယနေ့အောင်ဆန်းကွင်း)မှာ ဘောလုံးကစားခွင့်ရလာတယ်။ အဲဒီမှာ မြန်မာပြည်က ပုလိပ်ကြီးအသင်းနဲ့ ယှဉ်ပြိုင်ရတယ်။ ပုလိပ်ကြီးအသင်းဆိုတာ ရဲတပ်ဖွဲ့ပေါ့။ ဗြိတိသျှတွေရဲ့ ရဲတပ်ဖွဲ့ဟာ မျက်နှာဖြူတွေနဲ့ အိန္ဒိယတိုင်းရင်းသားတချို့ ပါဝင်တယ်။ လေ့ကျင့်ထားတဲ့သူတွေပါ။ အဲဒီအသင်းနဲ့ကန်တော့ မြန်မာတွေ အများကြီး လာရောက်အားပေးတယ်။ တက္ကသိုလ်ဘောလုံးအသင်းဟာ ပုလိပ်ကြီးအသင်းကိုနိုင်သွားတယ်"

"ကောင်းလိုက်တာ"

"**ဘောလုံးဆိုတာ ဒီလိုပဲလေ၊ စိတ်ဓာတ်ကအရေးကြီးတယ်၊** ပုလိပ်ကြီးကိုလည်းနိုင်သွားရော မြန်မာတွေက ဒို့ဟာ လူညံ့တွေမဟုတ်ဘူးဆိုပြီး သဘောပေါက်လာတယ်"

"မျိုးချစ်စိတ်ဓာတ် နိုးထလာတော့တာပေါ့"

## နိဂုံး

ကျွန်တော့်ဆောင်းပါးကို တရားမျှတမှုဆိုတဲ့ နိုင်ငံတော်သီချင်းနဲ့ စထားပါတယ်။ တရားမျှတမှုကို သတိရှိရပါတယ်၊ **ကျွန်တော်တို့မြန်မာတွေဟာ ဘောလုံးကို မြတ်မြတ်နိုးနိုးကန်ပြီး တစ်ချိန်က ကမ္ဘာ့အလယ်မဟုတ်ရင်တောင် အာရှတစ်ခွင်မှာ ရေပန်းစားခဲ့ပါတယ်၊** ဘောလုံးလိုအားကစားနည်းတွေဟာ Reflex ဆိုတဲ့တုံ့ပြန်မှုဟာ အရေးပါတယ်။ အလေ့အကျင့်နဲ့ စိတ်ဓာတ်ဟာ အရေးပါတယ်။ **မြန်မာတွေဟာ အာရှမှာ အီရန်ကိုလည်းနိုင်တယ်၊ တောင်ကိုရီးယားကိုလည်း နိုင်ခဲ့ပါတယ်၊ အိုလံပစ်မှာလည်းပါဝင်ကာ အသန့်ရှင်းဆုံးဆုကိုလည်း ရရှိခဲ့ဖူးပါတယ်၊** ဒေါသနဲ့ပေါက်ကွဲမှုတွေမဖြစ်ခဲ့ပါဘူး။ ယနေ့လူငယ်တွေကတော့ မြန်မာဘောလုံးပွဲတွေ ကောင်းကောင်းမတွေ့ဖူးသေးပါဘူး။ ကမ္ဘာက အထူးသဖြင့် အင်္ဂလန်ကလုပ်တဲ့ပွဲတွေ ဥရောပပွဲတွေကိုပဲကြည့်ပြီး အားသာဖြေကြရတယ်။ မြန်မာဘောလုံးသမားကောင်းတွေ ဘယ်ကိုရောက်ကုန်တာလဲ။ ဘောလုံးသမားတွေကို လေ့ကျင့်ပျိုးထောင်ရပါတယ်။ **မြန်မာနိုင်ငံတော်အလံကိုလွှင့်ထူပြီး နိုင်ငံတော်သီချင်း(National Anthem)ကို ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ကြွားကြွားဝင့်ဝင့်သီဆိုနိုင်တဲ့အချိန် ရောက်လာစေဖို့ အနာဂတ်မျိုးဆက်သစ်များကို မျှော်လင့်နေပါတယ်၊**

♦ ဒေါက်တာခင်မောင်ညို

www.free4reader.com






## ဖြိုးကြီးရဲ့အနုပညာ



အနုပညာလောကကနေ ကွယ်ပျောက်နေတာကြာပြီဖြစ်တဲ့ အဆိုတော်ဖြိုးကြီးဟာ ဇွန်လ ၂၃ ရက်က တေးရေး မောင်မောင်ဇော်လတ်ရေးသားထားတဲ့ **ရက်စက်လိုက်တာ**သီချင်းကို မြန်မာမြူးဇစ်စတိုးနဲ့ မြန်မာမြူးဇစ်နက်ဝေ့ါကနေ ပရိသတ်တွေအတွက် ဖြန့်ချိပေးလိုက်ပါပြီ။ ပြီးတော့ ``**ငါရဲ့အရာရာ**´´လို့ အမည်ပေးထားတဲ့ သူ့ရဲ့အခွေကို အကောင်းဆုံး ကြိုးစားဆောင်ရွက်ထားပြီး မကြာခင် ဖြန့်ချိသွားဖို့ စီစဉ်နေကြောင်း ဆိုပါတယ်။ အဆိုပါတေးစီးရီးမှာ သီချင်းအမျိုးအစားစုံလင်စွာနဲ့ ဖြိုင်ဖြိုင်ဆိုင်ဆိုင် ဆောင်ရွက်ထားတာဖြစ်ပြီး ပရိသတ်နဲ့ဝေးကွာနေတဲ့အချိန်မှာလည်း ဂီတနဲ့ပတ်သက်ပြီး သီချင်းခွေတွေအတွက် ကြိုးစားဆောင်ရွက်နေတာဖြစ်ပါတယ်လို့ ပြောကြားလာပါတယ်။

## စာရေးဆရာအနေနဲ့ တွေ့ရဦးမယ့် ရွှေထူး



ဂီတဘက်မှာရော၊ သရုပ်ဆောင်ဘက်မှာပါ ပရိသတ်အားပေးမှုကိုရရှိထားတဲ့ ရွှေထူးက ဒါရိုက်တာဝင်းလွင်ထက်ရိုက်ကူးမယ့် **ဒဏ္ဍာရီမိုးရုပ်ရှင်ကားမှာ** ရဲတိုက်၊ ခေါင်း၊ ဝတ်မှုံရွှေရည်တို့နဲ့အတူ သရုပ် ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ အဆိုပါဇာတ်ကားမှာတော့ သူက စာရေးဆရာတစ်ယောက်အဖြစ် သရုပ်ဆောင်ရမှာဖြစ်ပါတယ်။ အခုဇာတ်ကားဟာဆိုရင် ရွှေထူးရဲ့ **သုံးကားမြောက်ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း** သိရပါတယ်။ ဒါ့အပြင် ဂီတနဲ့ပတ်သက်ပြီးတော့လည်း သူ့ရဲ့ **ဒုတိယတစ်ကိုယ်တော်အခွေဖြစ်တဲ့ I အခွေအမ်တီဗီကိုလည်း** အမြန်ဆုံးထွက်နိုင်အောင် ကြိုးစားနေတယ်လို့ အသိပေးလာပါတယ်။

## မေသုံးမေရှိုးလုပ်မယ့် မေရှက်ဝါ



၂၀၁၆ ခုနှစ်တုန်းက One Lady Show လုပ်ခဲ့တဲ့ အဆိုတော်မေရှက်ဝါကတော့ မန္တလေးက ပရိသတ်တွေရဲ့တောင်းဆိုချက်တွေအရ နောက်ထပ်ရှိုးပွဲတစ်ခုထပ်လုပ်ဖို့ စိုင်းပြင်းနေသလို တစ်ခေတ်တစ်ခါက နာမည်ကျော်ကြားလူကြိုက်များခဲ့ပြီး ခေတ်ပြိုင်အဆိုတော်တွေဖြစ်ခဲ့ကြတဲ့ **မေဆွိ၊ မေစလာ၊ မေရှက်ဝါသုံးဦးပေါင်းပြီး မေသုံးမေရှိုးလုပ်ဖို့အတွက်** စီစဉ်နေတယ်လို့ သိရပါတယ်။ လက်ရှိမှာ သမီးဖြစ်သူဆန်းသစ်လရဲ့ စီးရီးအမ်တီဗီအတွက် လုပ်ပေးနေတာဖြစ်သလို သားဖြစ်သူအတွက်ကိုလည်း ဂီတနဲ့ပတ်သက်လို့ လေ့လာသင်ယူနိုင်အောင် ပြင်ဆင်ပေးနေတယ်လို့ သိရပါတယ်။

ပြည်မြန်မာ




## NLD ပါတီ ဒုတိယအကြိမ်နိုင်ငံလုံးဆိုင်ရာပါတီညီလာခံမှတစ်ဆင့် ပါတီ၏ပုံရိပ်ဂုဏ်သိက္ခာမြင့်မားရေးနှင့် ပြည်သူ၏ယုံကြည်လက်ခံမှုကို ပိုမိုရရှိနိုင်ရေး တိုက်တွန်းသွားမည်ဟုဆို



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံမှတစ်ဆင့် ပါတီ၏ အစိုးရအဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားများနှင့် အဖွဲ့ဝင်များအားလုံးကို **ပါတီ၏ပုံရိပ်ဂုဏ်သိက္ခာမြင့်မားရေးနှင့် ပြည်သူ၏ယုံကြည်လက်ခံမှုကို ပိုမိုရရှိနိုင်ရေး တိုက်တွန်းသွားမည်**ဟု အဆိုပါညီလာခံ၏ သဘာပတိဖြစ်သူရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC တွင် ၂၃-၆-၂၀၁၈ ရက်၌ စတင်ကျင်းပသည့် ညီလာခံအဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ ဒုတိယအကြိမ်ညီလာခံအပြီး **ပါတီ၏ဗဟိုအလုပ်အမှုဆောင်၊ အရန်ဗဟိုအလုပ်အမှုဆောင်များအပြင် ဗဟိုကော်မတီဝင်များနှင့် အရန်ဗဟိုကော်မတီဝင်အသစ်များကိုလည်း ရွေးချယ်သွားမည်ဖြစ်ကြောင်း** သိရသည်။

``ယခုကျင်းပတဲ့ညီလာခံဟာ နိုင်ငံရေးအနှစ်သာရပြည့်ဝစွာနဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ ကျင်းပဆောင်ရွက်တာဖြစ်တာကြောင့် ပထမအကြိမ်ညီလာခံထက် ထူးခြားသည့်ဝိသေသအင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ညီလာခံဖြစ်တယ်။ အခုညီလာခံကို ကြီးမားတဲ့ရည်ရွယ်ချက်များ ကျယ်ပြန့်မယ့်ရည်ရွယ်ချက်များနဲ့ အနှစ်သာရပြည့်ဝစွာကျင်းပနိုင်ဖို့ **တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာရှိတဲ့ ရွေးချယ်စေလွှတ်လိုက်တဲ့ ကိုယ်စားလှယ်ပေါင်းတစ်ထောင်ကျော် တက်ရောက်ပြီးတော့** ညီလာခံအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြမှာဖြစ်ပါတယ်´´ဟု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုကဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား **၁၉၈၈ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၁၃ ခုနှစ်၌ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံကို ကျင်းပခဲ့**ကြောင်း သိရသည်။

ထို့ပြင် ညီလာခံသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီးရှိ **တာဝန်ခံကိုယ်စားလှယ် ၁၁၂၀ ဦးတက်ရောက်ရန် သတ်မှတ်ထားပြီး တက်ရောက်သည့်ကိုယ်စားလှယ် ၁၀၅၆ ဦးရှိခဲ့ရာ** ညီလာခံကျင်းပရန် ၉၄ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်း သိရသည်။

**မင်းရန်နောင်(သတင်း/ဓာတ်ပုံ)**

## ရန်ကုန်ဈေးကွက်ရှိမုန့်ဖတ်များတွင် ဖော်မလင်လုံးဝမတွေ့ရှိတော့ဟု ဆို




**လက်ရှိ ရန်ကုန်မြို့ဈေးများတွင် ရောင်းချနေသော မုန့်ဖတ်များတွင် ဖော်မလင်လုံးဝမတွေ့ရှိတော့ကြောင်း** အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါက်တာမင်းဝဏ်က ပြည်မြန်မာသတင်းဂျာနယ်သို့ပြောသည်။

မိမိတို့အနေဖြင့် လစဉ်ဈေးများကို ပုံမှန်စစ်ဆေးမှုရလဒ်များအရ **လွန်ခဲ့သောဧပြီလခန့်မှစတင်ကာ ရန်ကုန်မြို့၏ဈေးများရှိ မုန့်ဖတ်များတွင် ဖော်မလင်တွေ့ရှိမှုလုံးဝမရှိတော့ကြောင်းနှင့် မိမိတို့အနေဖြင့် ဖော်မလင်အသုံးမပြုရေးအတွက် ပညာပေးဆောင်ရွက်ခြင်း၊ ဖော်မလင်အစားထိုးပစ္စည်းများသုံးစွဲနိုင်ရန် ကူညီပေးခြင်း** စသောလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြောင်း ယင်းကဆိုသည်။

``လက်ရှိမှာက ဖော်မလင်က လုံးဝမတွေ့ရတော့ဘူး။ **လက်ရှိမှာ ခေါက်ဆွဲမှာတော့ လက်ရှားသုံးတဲ့ဟာလေးနည်းနည်းတော့ တွေ့နေရသေးတယ်၊** လုပ်ငန်းတွေကို သတိပေးတာတွေဘာတွေ လုပ်နေတယ်။ ဒီကိစ္စကိုလက်ရှိမှာ သတိထားပြီး ကိုင်တွယ်နေတယ်။ အဲဒီတော့ နည်းနည်းပိုပိုပြီးတွေ့လာတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ဒါတွေအားလုံးပပျောက်သွားအောင်တော့ အတတ်နိုင်ဆုံးလုပ်သွားမှာပါ´´ဟု ဒေါက်တာမင်းဝဏ်က ရှင်းပြသည်။

ဖော်မလင်(Formalin)ဆိုသည်မှာ အရောင်အဆင်းမရှိ၊ အနံ့ပြင်းသော ဓာတုပစ္စည်းတစ်မျိုးဖြစ်ပြီး ဖော်မယ်ဒီဟိုက်(formaldehyde)၊ မက်သနော (methanol)၊ ရေ(water) စုပေါင်းထားသည့် အရောအနှောတစ်ခုဖြစ်ပြီး **ဖော်မလင်အရည်မှာ ဖော်မယ်ဒီဟိုက် ၃၇ ရာခိုင်နှုန်းပါဝင်ကာ ယင်းကို လူသေအလောင်းများကြာရှည်ခံစေရန် စိမ်သောနေရာတွင် အဓိကသုံးလေ့ရှိကြောင်းနှင့် များသောအားဖြင့် ပိုးသတ်ရာတွင်လည်းကောင်း၊ ကြမ်းခင်းများ၊ အဝတ်အစားများ၊ သဘော်များနှင့် သိုလှောင်ရုံများကို သန့်ရှင်းရေးပြုလုပ်ရာတွင်လည်းကောင်း၊ ဓာတ်မြေသြဇာနှင့် ရေမွှေးပြုလုပ်ရာတွင်လည်းကောင်း၊ အလှကုန်ပစ္စည်းများ တာရှည်ခံစေရန် ပြုလုပ်ရာတွင်လည်းကောင်း** အစရှိသဖြင့် သုံးစွဲကြခြင်းဖြစ်ကြောင်း သိရသည်။

**ဖော်မလင်ပါသော အစားအသောက်ကို စားသုံးမိခြင်းကြောင့်** ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းသွားခြင်း၊ သတိလစ်မေ့မြောခြင်းနှင့် အခန့်မသင့်ပါက သေဆုံးသည်အထိဖြစ်နိုင်ကြောင်းနှင့် ဖော်မလင်ပါသော အစားအသောက်ကို ရေရှည်စားသုံးမိပါက ကျောက်ကပ်၊ အသည်း၊ အစာအိမ်၊ အဆုတ်တို့ပျက်စီးကာ နောက်ပိုင်းတွင် ကင်ဆာရောဂါဖြစ်ပွားခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ၊ သွေးအားနည်းခြင်း၊ သွေးကင်ဆာတို့ ဖြစ်နိုင်ပြီး အထူးသဖြင့် ကိုယ်ဝန်ဆောင်နဲ့ မွေးကင်းစကလေးများမှာ ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း သိရသည်။

**သီဟ(သတင်း/ဓာတ်ပုံ)**

ပြည်မြန်မာသတင်းဂျာနယ်၊ Swesone Media Group၊
Central Tower၊ ပထမထပ်၊ အနော်ရထာလမ်း၊ (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့။
ဖုန်း ။ ၀၁ - ၃၉၂၉၂၀၊ ၃၇၅၂၉၃၊ ၃၉၂၇၃၉

# ရခိုင်အရေးနှင့်ပတ်သက်ပြီး ပြစ်တင်ရှုတ်ချခြင်းသည် ပြဿနာကိုကူညီနိုင်မည်မဟုတ်ဟု ကုလလူ့အခွင့်အရေးကောင်စီစည်းဝေးတွင် မြန်မာတုံ့ပြန်




ဂျနီဗာမြို့ ကုလသမဂ္ဂရုံးတွင် ကျင်းပသည့် (၃၈) ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ပုံမှန်အစည်းဝေးအတွင်း လူ့အခွင့်အရေးမဟာမင်းကြီးမှ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ လုပ်ငန်းစဉ်များနှင့် ကမ္ဘာပေါ်ရှိ လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်ပြီး မိန့်ခွန်းပြောကြားပြီးနောက် General Debate ပြုလုပ်ခဲ့ရာ အဆိုပါ Debate အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက **ပြစ်တင်ရှုတ်ချခြင်းသည် ပြဿနာကို ကူညီနိုင်မည်မဟုတ်ကြောင်း** ပြောကြားခဲ့သည်။

လူ့အခွင့်အရေး မဟာမင်းကြီးရုံး အပါအဝင် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းက **ရခိုင်ဒေသ၏အခြေအနေအား ပိုမိုဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်ပြီး အခြေအနေများ ပိုမိုကောင်းမွန်လာစေရေး မည်သို့ဖြေရှင်းနိုင်မည်ဆိုသည်ကို ဦးစားပေးကြည့်ရှုစေလိုပါကြောင်း၊ ပြစ်တင်ရှုတ်ချခြင်းသည် ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ကူညီနိုင်မည်မဟုတ်ဘဲ လက်ရှိ အခြေအနေကိုပင် ပိုမိုဆိုးရွားစေနိုင်ပါကြောင်း၊** ယင်းသည် အခြေအနေအား ငြိမ်းချမ်းစွာနှင့် ရေရှည်တည်တံ့စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းနှင့် များစွာ ဆန့်ကျင်နေကြောင်း အမြဲတမ်းအတွင်းဝန်က ထည့်သွင်းပြောကြားခဲ့သည်။

မကြာသေးမီကပင် **အစိုးရကလွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရန် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါအဖွဲ့အား ပြည်တွင်းပြည်ပပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းသွားမည်ဖြစ်ပြီး** ပြည်တွင်းနှင့် ပြည်ပမှ ဥပဒေနှင့်နည်းပညာကျွမ်းကျင်သူများက ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန်ကပြောသည်။

မြန်မာအစိုးရနှင့် UNDP ၊ **UNHCR တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သောကြောင့်** လုပ်ဆောင်ရန်ရှိသည်များကို လျင်မြန်စွာ လုပ်ဆောင်နိုင်လိမ့်မည်ဟုယူဆပါကြောင်း၊ ကုလသမဂအေဂျင်စီများသည် ပြန်လည်ဝင်ရောက်မှု ၊ နေရာချထားရေးလုပ်ငန်းစဉ်များနှင့် ရခိုင်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်က ထပ်မံပြောကြားသည်။

ထက်အောင်ဖြိုး




# Yangon Water Bus အထူးခရီးစဉ်များ ခေတ္တရပ်ဆိုင်း

Photo – Yangon Water Bus



ရန်ကုန်မြစ်ကြောင်းအတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုပေးနေသော Yangon Water Bus သည် **ယင်းတို့၏ အထူးခရီးစဉ်များကို ရာသီဥတုအခြေအနေကြောင့် ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း** Yangon Water Bus မှ Operation Manager ဖြစ်သူ ကိုဝင်းနိုင်ဦးက ဇွန်လ ၂၃ ရက်တွင် ပြည်မြန်မာသတင်းဂျာနယ်သို့ပြောသည်။

**"အထူးခရီးစဉ်တွေက ရာသီဥတုအခြေအနေအရ ခေတ္တခဏရပ်ဆိုင်းတာဖြစ်ပါတယ်။ အခုက မိုးတွင်းဆိုတော့ လိုက်ပါစီးနင်းသူတွေ လုံခြုံမှုရှိစေဖို့အတွက် အခုလိုစီစဉ်ရတာဖြစ်ပါတယ်။ ပွင့်လင်းရာသီမှာ ပြန်လည်ပြေးဆွဲဖြစ်မှာပါ။ ဗိုလ်တထောင်ကနေ အင်းစိန်ကို အသွားအပြန် ပြေးဆွဲနေတဲ့ ပုံမှန်ခရီးစဉ်ကတော့ ရပ်စရာအကြောင်းမရှိပါဘူး။ ပုံမှန်အတိုင်းပြေးဆွဲသွားမှာပါ"** ဟု ယင်းကပြောသည်။

Yangon Water Bus ၏ အထူးခရီးစဉ်များဖြစ်သည့် **ကျောက်တန်းရေလယ်ဘုရားခရီးစဉ်၊ တွံတေးရွှေဆံတော်ဘုရားခရီးစဉ်နှင့် နေဝင်ချိန်ကြည့်ခရီးစဉ်များ** မှာ လူစိတ်ဝင်စားမှုများပြားပြီး စင်းလုံး**ပြည့်လိုက်ပါစီးနင်းမှုများရှိကာ** ခရီးသည်များ အန္တရာယ်ကင်းစေရန်အတွက် ပြည်တွင်းရေကြောင်းမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်သာ ပြေးဆွဲနေကြောင်း၊ အသက်ကယ်အင်္ကျီများ အပြည့်အဝထားရှိပေးထားကြောင်းနှင့် အရေးပေါ်အခြေအနေအတွက် ပညာပေးဗီဒီယိုများကို ပြသပေးလျက်ရှိကြောင်းလည်း သိရသည်။

ရန်ကုန်မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေး **Yangon Water Bus ကို ၂၀၁၇ ခုနှစ်အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး** အောက်တိုဘာ ၇ ရက်မှစတင်ကာ ရန်ကုန်မြို့တွင်း ဗိုလ်တထောင်ဆိပ်ကမ်းမှ အင်းစိန် (အောင်ဇေယျတံတားအောက်)ခရီးစဉ်ကို စတင်ပြေးဆွဲခဲ့ပြီး ၂၀၁၈ ဇွန် ၂၂ ရက်မှစတင်ကာ ရန်ကုန်ဗိုလ်တထောင်ဆိပ်ကမ်းနှင့် ပန်းဆိုးတန်းဆိပ်ကမ်းတို့မှ ဒလသမ္မတဆိပ်ကမ်းနှင့် အုံ့ကြီးဆိပ်ကမ်းတို့သို့ Yangon Water Bus မှ ခရီးစဉ်တိုအဖြစ် ပြေးဆွဲပေးလျက်ရှိသည်။

ကောင်းမြတ်ရာ

■

## အချင်းချင်းသတ်ဖြတ်နိုင်သည့်ခြင်များကို ဖန်တီးရန် ကမ္ဘာကျော်သန်းကြွယ်သူဌေးဘီလ်ဂိတ်က ဒေါ်လာ ၄ သန်း လှူဒါန်း





မိုက်ခရိုဆော့ဖ်တည်ထောင်သူဘီလ်ဂိတ်က လိင်ဆက်ဆံရာမှတစ်ဆင့် အချင်းချင်းသတ်ဖြတ်တတ်သောခြင်များကိုဖန်တီးမည့်ပရောဂျက်အတွက် ဒေါ်လာ ၄ သန်းလှူဒါန်းခဲ့သည်ဟု သိရသည်။

ခြင်မှတစ်ဆင့်ကူးစက်ပြန့်ပွားတတ်သောငှက်ဖျားရောဂါကိုကာကွယ်ရန်ရည်ရွယ်ပြီး ဘီလ်ဂိတ်က ငှက်ဖျားရောဂါကို မျိုးဆက်တစ်ခုအတွင်း အမြစ်ပြတ်ချေမှုန်းနိုင်ရန် ၎င်းပိုင်ဆိုင်သည့် Bill and Melinda Gates Foundation မှ ရန်ပုံငွေများကိုအသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါပရောဂျက်မှာ ခြင်အမများနှင့်မျိုးပွားရန်အတွက် မျိုးရိုးဗီဇဆိုင်ရာပြုပြင်မှုများပြုလုပ်ထားသည့်ခြင်အဖိုများကို ဖန်တီးရန်ဖြစ်သည်။ ခြင်အမများကသာ လူကိုကိုက်တတ်သည့်အတွက် ဘီလ်ဂိတ်၏ မျိုးရိုးဗီဇပြုပြင်ထားသည့်ခြင်အဖိုများက လူသားများအတွက် အန္တရာယ်ကင်းရှင်းသည်။ ယင်းခြင်အဖိုများတွင် ပါဝင်သည့် ကန့်သတ်မျိုးရိုးဗီဇတစ်မျိုးက လိင်ဆက်ဆံရာမှတစ်ဆင့် ခြင်အမများထံရောက်ရှိသွားပြီး ၎င်းတို့မှမွေးလာသည့်ခြင်ပေါက်လေးများသည် အဆိုပါမျိုးရိုးဗီဇကြောင့် သေဆုံးသွားကြလိမ့်မည်ဖြစ်သည်။ Oxitec အမည်ရှိဗြိတိန်ကုမ္ပဏီကဖန်တီးနေသောခြင်များကို မိတ်ဆွေခြင်များဟု အမည်ပေးထားသည်။ Oxitec သည် ဇီကာရောဂါပိုးကိုဟန့်တားရန်အတွက်လည်း မျိုးရိုးဗီဇပြုပြင်ထားသည့်သီးသန့်ခြင်များကိုဖန်တီးထားပြီး ဇီကာရောဂါပိုးသယ်ဆောင်တတ်သည့်အေးဒိစ်ခြင်များပြားရာဒေသအချို့၌ လက်တွေ့စမ်းသပ်အသုံးပြုခဲ့ရာတွင် ခြင်ကောင်ရေကို ၉၀ ရာခိုင်နှုန်းအထိလျှော့ချနိုင်ခဲ့သည်။ သို့သော် ငှက်ဖျားရောဂါပိုးသယ်ဆောင်တတ်သည့် Anopheles ခြင်များအတွက် သီးသန့်မျိုးရိုးဗီဇပြုပြင်ထားသည့် ခြင်အဖိုများ လိုအပ်ပြီး ၂၀၂၀ ပြည့်နှစ်နှောင်းပိုင်းတွင် Oxitec ၏ ခြင်များကိုလက်တွေ့အသုံးပြုသွားနိုင်ရန်ရည်မှန်းထားသည်ဟု သိရသည်။

(AP,25.6.18) အေးယုနိုင်

## ကင်ဂျုံအန်က နိုင်ငံ၏ကျမ်းသစ္စာအသစ်တွင် ဖခင်နှင့်အဘိုးဖြစ်သူ၏စွမ်းဆောင်မှုများကို ဖယ်ထုတ်ပစ်ခဲ့



မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က အသစ်ထုတ်ပြန်ခဲ့သည့်နိုင်ငံတော်ကျမ်းသစ္စာထဲတွင် ဖခင်နှင့်အဘိုးဖြစ်သူ၏စွမ်းဆောင်ချက်များကိုဖယ်ထုတ်ခဲ့ကာ ၎င်း၏ကိုယ်ပိုင်မူဝါဒနှင့်ခေါင်းဆောင်စွမ်းရည်ကို သာချီးကျူးပြောဆိုထားခဲ့သည်ဟု သိရသည်။

နိုင်ငံသားအားလုံးရွတ်ဆိုရသည့်ကျမ်းသစ္စာကို ၁၉၇၀ ပြည့်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ကင်ဂျုံအန်၏အဘိုးဖြစ်သူကင်အီဆန်းက နိုင်ငံကိုထိန်းချုပ်ထားသည့်အချိန်ဖြစ်သည်။အပိုဒ်ခွဲ ၁၀ ခုကျော်ပါဝင်သည့်ကျမ်းသစ္စာတွင် ကင်အီဆန်း၏ဉာဏ်အမြော်အမြင်နှင့်ကြီးမြတ်မှုကိုချီးမွမ်းထားပြီး ၁၉၉၄ ခုနှစ် ဂျူလိုင်လတွင် ကင်အီဆန်းကွယ်လွန်သည့်အခါ သားဖြစ်သူကင်ဂျုံအီက အာဏာရလာခဲ့သည်။မြောက်ကိုရီးယားအလုပ်သမားပါတီ၏အရေးကြီးသောနှစ်ပတ်လည်နေ့များ၊အမျိုးသားအားလပ်ရက်များတွင် အလုပ်သမားများ၊ကျောင်းသားများနှင့်စစ်သားများက ပထမဆုံးသောခေါင်းဆောင်ကြီးနှစ်ဦးအားချီးမွမ်းထားသည့်ကျမ်းသစ္စာကိုရွတ်ဆိုကြရလေ့ရှိသည်။ကျမ်းသစ္စာသည် နှစ်ပေါင်း ၄၀ ကျော်ကြာအောင် မပြောင်းလဲခဲ့သော်လည်း လက်ရှိခေါင်းဆောင်ကင်ဂျုံအန်က ပြောင်းလဲရန်လိုအပ်နေပြီဟု ဆုံးဖြတ်ခဲ့သည်၊ကျမ်းသစ္စာအသစ်တွင် အပိုဒ်ခွဲငါးခုအထိလျှော့ချထားပြီး ကင်အီဆန်းနှင့်ကင်ဂျုံအီတို့ကိုလည်းဖယ်ထုတ်ထားခဲ့သည်ဟု သိရသည်။

(AP,25.6.18) အေးယုနိုင်

## မလေးရှား၏ အထင်ကရနည်းပညာကုမ္ပဏီစီအီးအိုမှာ အိပ်ရာထဲတွင် မီးအားသွင်းထားသည့်ဖုန်းပေါက်ကွဲမှုကြောင့် သေဆုံး





မလေးရှား၏အထင်ကရနည်းပညာကုမ္ပဏီစီအီးအိုတစ်ဦးသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အိပ်ရာထဲတွင်မီးအားသွင်းထားသည့် ဖုန်းပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်ဟု သိရသည်။

ဗြိတိန်နိုင်ငံတွင်ပညာသင်ကြားခဲ့သော မလေးရှားအခြေစိုက် Cradle Fund ၏စီအီးအိုနာဇရင်ဟာတ်ဆန်သည် ဖုန်းပေါက်ကွဲမီးလောင်မှုမှလွင့်စဉ်လာသည့်အပိုင်းအစများကြောင့် သေဆုံးခဲ့ရသည်ဟု ယူဆရသည်။သေဆုံးရသည့်အကြောင်းရင်းကို အတိအကျထုတ်ဖော်ပြောဆိုခြင်းမရှိသေးသော်လည်း အသက် ၄၅ နှစ်အရွယ်ဟာတ်ဆန်၏ ဦးခေါင်းအနောက်မှဒဏ်ရာကြောင့် သို့မဟုတ် မီးခိုးများရှူရှိုက်မိခြင်းကြောင့်ဖြစ်သည်ဟု ခန့်မှန်းရသည်။ယောက်ဖဖြစ်သူ၏အဆိုအရ ဟာတ်ဆန်တွင် ဖုန်းနှစ်လုံးရှိပြီး Blackberry နှင့် Huawei ဟုသိရှိရကာ မည်သည့်ဖုန်းက ပေါက်ကွဲမှုဖြစ်ခဲ့သည်ကို ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိပေ။၁၉၉၄ ခုနှစ်တွင် ဘက်ကင်ဟမ်တက္ကသိုလ်မှဥပဒေဘွဲ့ရယူခဲ့သောဟာတ်ဆန်သည် ၁၉၉၇ ခုနှစ်တွင် လန်ဒန်ရှိ King's College တွင် မဟာဘွဲ့ရရှိခဲ့သည်။ဟာတ်ဆန်၏ Cradle Fund သည် မလေးရှားနည်းပညာကုမ္ပဏီငယ်ပေါင်း ၇၀၀ ကျော်ကိုငွေကြေးထောက်ပံ့ကူညီပေးခဲ့သည်ဟု သိရသည်။

(AP,25.6.18) အေးယုနိုင်

## ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို မြောက်ကိုရီးယားက လက်ခံကျင်းပသွားရန်နိုင်ဖွယ်ရှိဟု ဖီဖာဥက္ကဋ္ဌ ဆို



ယခုရက်သတ္တပတ်အတွင်း တောင်ကိုရီးယားသမ္မတမွန်ဂျေအင်က ရုရှား၌ ဖီဖာဥက္ကဋ္ဌ Gianini Infantino နှင့်တွေ့ဆုံစဉ်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို မြောက်ကိုရီးယားနိုင်ငံနှင့် ပူးတွဲလက်ခံကျင်းပသွားလိုကြောင်း ဆိုခဲ့သည်ဟု သိရသည်။

ယင်းနောက်တွင် တောင်ကိုရီးယားသမ္မတရုံးတာဝန်ရှိသူတစ်ဦးက "ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်တွေတွေ့ဆုံပြီးတဲ့နောက် ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်နိုင်ငံပူးတွဲလက်ခံကျင်းပသွားလိုတဲ့အိပ်မက်တွေအကောင်အထည်ပေါ်လာနိုင်တဲ့အကြောင်း သမ္မတမွန်ဂျေအင်က ဖီဖာဥက္ကဋ္ဌကို ပြောပြခဲ့ပါတယ်"ဟု ဆိုခဲ့သည်။ Infantino ကလည်း တောင်ကိုရီးယားအနေဖြင့် ယခုကတည်းကပြင်ဆင်ထားသင့်ကြောင်းနှင့် အချိန်မရွေးအကူအညီပေးအပ်သွားရန်အဆင်သင့်ပင်ဖြစ်သည်ဟု အကြောင်းပြန်ခဲ့သည်။ တောင်ကိုရီးယားသည် ၂၀၀၂ ခုနှစ်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဂျပန်နှင့်ပူးတွဲလက်ခံကျင်းပခဲ့ဖူးပြီး ယခုအခါတွင်လည်း အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် အားကစားကွင်းပေါင်းများစွာက အဆင်သင့်ရှိနေသည်၊ သို့သော် အတူပူးတွဲလက်ခံကျင်းပလိုသည့်မြောက်ကိုရီးယားမှာမူ ၎င်း၏လူ့အခွင့်အရေးမှတ်တမ်းများကြောင့် နိုင်ငံတကာ၏ကန့်ကွက်မှုကိုခံရနိုင်ခြေရှိနေသည်ဟု သိရသည်။

(AP,25.6.18) အေးယုနိုင်

## အာဂျင်တီးနားအသင်း ဖိအားများနှင့်ရင်ဆိုင်နေရသော်လည်း ရုရှားပရိသတ်များက မက်ဆီ၏မွေးနေ့အတွက် ပုံတူကိတ်မုန့်ကြီးကို သက်ရှိအရွယ်အတိုင်း ပြုလုပ်ပေး



၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အာဂျင်တီးနားဘောလုံးအသင်းသည် ဖိအားများနှင့်ရင်ဆိုင်နေရသော်လည်း ရုရှားပရိသတ်များက မက်ဆီ၏မွေးနေ့အတွက် ပုံတူကိတ်မုန့်ကြီးကိုသက်ရှိအရွယ်အစားအတိုင်းဖန်တီးပြုလုပ်ပေးခဲ့ကြသည်ဟု သိရသည်။

မော်စကိုမြို့ရှိ Altufyevo Confectionary Shop မှ ကိတ်မုန့်ပညာရှင်ငါးဦးပါဝင်သည့်အဖွဲ့သည် တစ်ပတ်နီးပါးကြာအောင်အချိန်ယူကာ မက်ဆီ၏ပုံတူချောကလက်ကိတ်မုန့်ကြီးကို သက်ရှိအရွယ်အစားအတိုင်းဖန်တီးခဲ့ကြသည်၊ မြက်ခင်းစိမ်းပေါ်တွင် ဘောလုံးပေါ်ခြေထောက်တင်ထားသည့်မက်ဆီ၏ ပုံတူကိတ်ကြီးသည် ၁၃၂ ပေါင်အလေးချိန်ရှိပြီး ၎င်း၏ ၃၁ နှစ်ပြည့်မွေးနေ့အတွက် ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။ မက်ဆီ၏ကိုယ်စားလှယ်များနှင့်ဆက်သွယ်ကာ ပုံတူကိတ်ကြီးအား မပေးအပ်မီတွင် မော်စကိုမြို့မှမိုင် ၃၀ အကွာရှိ Bronnitsy မြို့လေး၌ ပြသထားမည်ဖြစ်သည်။ လက်ရှိကမ္ဘာ့ဖလားပွဲတွင် စွမ်းဆောင်ရည်နှင့်ပတ်သက်၍ ဝေဖန်ခံနေရသည့်မက်ဆီအတွက် အဆိုပါပုံတူကိတ်ကြီးမှာ အားတက်ဖွယ်ရာတစ်ခုဖြစ်လိမ့်မည်ဟု ပရိသတ်များက မျှော်လင့်လျက်ရှိနေကြသည်ဟု သိရသည်။

(DM,25.6.18) အေးယုနိုင်

www.free4reader.com



## ကြက်ဥခွံများနှင့် ကမ္ဘာ့ဖလားလာဘ်ကောင်ရုပ် ဖန်တီးသူ




၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကို ရုရှားနိုင်ငံမှာကျင်းပလျက်ရှိပြီး ကမ္ဘာ့ဖလားပြိုင်ပွဲအထိမ်းအမှတ်အဖြစ် ဗီယက်နမ်နိုင်ငံက လက်မှုအနုပညာရှင်တစ်ဦးက **ကမ္ဘာ့ဖလားပြိုင်ပွဲလာဘ်ကောင်ရုပ်တွေကို ကြက်ဥခွံတွေနဲ့ ဖန်တီးပြုလုပ်ခဲ့ပါတယ်။** ကျောင်းဆရာဟောင်းတစ်ဦးဖြစ်သူ ငုယင်ထန်တမ်ဆိုသူ အသက် ၆၇ နှစ်အရွယ်အမျိုးသားဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံတဝန်းက တခဲနက်ကြည့်ရှုအားပေးနေကြတဲ့ ဗီယက်နမ်ပရိသတ်ကြီးရဲ့ကိုယ်စား အမှတ်တရဖြစ်စေဖို့အတွက် ကြက်ဥခွံတွေကို အသုံးပြုပြီး ကမ္ဘာ့ဖလားလာဘ်ကောင် ဇာဘီဗာကာမြေခွေးရုပ်လေးကို ဖန်တီးပြခဲ့တာဖြစ်ပါတယ်။ ကွဲကြေလွယ်တဲ့ ကြက်ဥခွံတွေမှာ အာရုံစူးစိုက်ပြီး ရုရှားကမ္ဘာ့ဖလားလာဘ်ကောင်ရုပ်တွေကို ငုယင်ထန်တမ်က စိတ်ရှည်လက်ရှည်ဖန်တီးပြုလုပ်ထားတာဖြစ်ပါတယ်။ သူ့ရဲ့ကျောင်းသားတွေအတွက် အမှတ်တရအနေနဲ့ **ကြက်ဥခွံလေးတွေသုံးပြီး ဆန်တာကလော့စ်အရုပ်ကလေးတွေပြုလုပ်ခဲ့တာကစပြီး ကြက်ဥခွံနဲ့အရုပ်တွေပြုလုပ်တာကို စတင်လုပ်ကိုင်ဖြစ်ခဲ့တာလို့** ငုယင်ထန်တမ်က ဆိုပါတယ်။ **သူပြုလုပ်ထားခဲ့တဲ့ ကြက်ဥခွံအရုပ်လေးတွေ ၁၀၀၀ ကျော်ထိရှိလာခဲ့ပြီး မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ ၂၀၁၃ ခုနှစ်အရှေ့တောင်အာရှအားကစားပွဲရဲ့ လာဘ်ကောင်ဇီးကွက်ရုပ်တွေအပါအဝင် ချာလီချပ်ပလင်၊ ဘာရက်အိုဘားမား၊ PSY တို့နဲ့ ပုံတူအရုပ်လေးတွေလည်း** ပြုလုပ်ထားခဲ့တယ်လို့သိရပါတယ်။ **(DS, 23.6.18) သံသာ**

## ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျပန်အသင်းကို အားပေးရန် ဂျပန်တော်ဝင်မင်းသမီး ရုရှားသို့ ပထမဆုံးအကြိမ် ရောက်လာခဲ့




ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂျပန်အသင်းဘက်ကနေ အားပေးဖို့ရာအတွက် **ဂျပန်တော်ဝင်မင်းသမီးဟီဆာကိုတာကာမာဒိုက ရုရှားနိုင်ငံကို ပထမဆုံးအကြိမ်အဖြစ်ရောက်လာခဲ့ပါတယ်။ ၁၉၁၆ခုနှစ်နောက်ပိုင်း ရုရှားနိုင်ငံကိုရောက်လာခဲ့တဲ့ ပထမဆုံးဂျပန်တော်ဝင်မျိုးနွယ်ဖြစ်လာခဲ့ပြီး** ဂျပန်အသင်းသားတွေကို စိတ်ဓာတ်မြှင့်တင်ပေးဖို့ရာအတွက် လာရောက်အားပေးခဲ့တာဖြစ်တယ်လို့သိရပါတယ်။ ကိုလံဘီယာအသင်းနဲ့ ယှဉ်ပြိုင်မှုမတိုင်မီတစ်ရက်မှာ မင်းသမီးတာကာမာဒိုက ပြိုင်ပွဲကျင်းပမယ့် မော်ဒိုဗီယာဘောလုံးကွင်းရှိရာ ဆာရန့်စ်မြို့ကို ရောက်လာခဲ့တာဖြစ်ပါတယ်။ ဂျပန်ဘောလုံးအဖွဲ့ချုပ်နာယကလည်းဖြစ်တဲ့ **တော်ဝင်မင်းသမီးတာကာမာဒိုက ၁၉၉၈ ခုနှစ်ကတည်းက ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွေတိုင်းကို တက်ရောက်လာခဲ့ပြီး ဂျပန်အသင်းအတွက် အားပေးမှုတွေပြုလုပ်ခဲ့တာဖြစ်ပါတယ်။** ကိုလံဘီယာနဲ့ပွဲမှာ ဂျပန်အသင်းက ၂ဂိုး - ၁ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပြီး ဆီနီဂေါအသင်း၊ ပိုလန်အသင်းတို့နဲ့ ဆက်လက်ယှဉ်ပြိုင်သွားရမှာဖြစ်ပြီး မင်းသမီးတာကာမိုဒိုက ဒီပြိုင်ပွဲတွေပြီးမှ ဂျပန်နိုင်ငံကို ပြန်မယ်လို့လည်း သိရပါတယ်။

**(DS, 23.6.18)**
သံသာ

## စင်ကာပူဘဏ်က စိန်စီခြယ်ထားသည့် အကြွေးဝယ်ကတ်များ ထုတ်ပေး




စင်ကာပူနိုင်ငံ၏ ထိပ်တန်းဘဏ်တစ်ခုဖြစ်သော United Overseas Bank (UOB) ဘဏ်က **သန်းကြွယ်သူဌေးဖောက်သည်များအတွက် ရွေးကွပ်ထားပြီး စိန်စီခြယ်ထားသည့်အကြွေးဝယ်ကတ်များကိုထုတ်ပေးလျက်ရှိသည်ဟု** သိရသည်။

အကြွေးဝယ်ကတ်သည် ခံ့ညားထည်ဝါသည့်အသွင်အပြင်ရှိသော်လည်း မျက်စိလျင်သူများက **ရေးသားထားသည့်စာသားများ၏ အဓိပ္ပာယ်များမှားယွင်းနေသည်ကိုတွေ့ရှိခဲ့ကြသည်။** ကတ်ပြားထုတ်ပေးသည့်ဘူးပေါ်တွင် ရေးသားထားသည့် စာထဲ၌ distinguished သို့မဟုတ် exq uisite ဟူသောစာလုံးများအစား extingu ished ကိုအသုံးပြုထားပြီး နာမ်စားကိုလည်း it's ဟုရေးသားထားသည်။ UOB Reserve Card ဟုအမည်ပေးထားသောကတ်များကို UOB ၏အခွင့်ထူးခံပုဂ္ဂိုလ်များသာရရှိခြင်းဖြစ်ပြီး **အရင်ဦးစွာဘဏ်တွင် ဒေါ်လာ ၂ သန်းဦးစွာထားရှိရမည်ဖြစ်သည်။ ဇွန်လ ၁၉ ရက်က အရောင်းမြှင့်တင်ရေးပွဲတစ်ရပ်၌ UOB က စိန်စီခြယ်ထားသည့်ကတ်ကို ထုတ်ဖော်**ပြသခဲ့သည်ဟု သိရသည်။

**(AP,24.6.18)** အေးယုနိုင်



www.free4reader.com



## အင်္ဂလန်ပွဲကို အားပေးရန် ရုရှားအထိ အရောက်လာပြီးမှ လက်မှတ်မေ့ကျန်ခဲ့ကြောင်း သိလိုက်ရသည့်ပရိသတ်







အင်္ဂလန်ပရိသတ်တစ်ဦးသည် ရုရှားတွင် ကျင်းပနေသည့် ကမ္ဘာ့ဖလားကို ကြည့်ရရန်အလို့ငှာ ရုရှားကို အရောက်လာခဲ့သော်လည်း ထိုနေရာသို့ရောက်သည့်အခါတွင်မှ လက်မှတ်မေ့ကျန်ခဲ့ကြောင်းသိလိုက်ရသည်။ ဒေါက်ကလပ်စ်မော်တင်သည် အင်္ဂလန်နှင့် ပနားမားကန်သည့်ပွဲကို အားပေးရန် ရုရှားအထိ အရောက်လာခဲ့သော်လည်း လက်မှတ်ကို အိမ်ရှိအံဆွဲထဲတွင် မေ့ကျန်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းက လက်မှတ်အပိုရှိဦးမည့်လူကို အသည်းအသန် လိုက်ရှာခဲ့သည်။ ၎င်းသည် နာမည်ကျော် သတင်းအယ်ဒီတာတစ်ဦးနှင့် တစ်ဟိုတယ်တည်းတွင် အတူတည်းမိလျက်သားဖြစ်နေသဖြင့် အယ်ဒီတာကိုဖြစ်ကြောင်း ကုန်စင်ပြောပြလိုက်သည်။ အယ်ဒီတာကလည်း ၎င်းကို သနားသွားကာ ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ဒေါက်ကလပ်စ်အဖြစ်ကို ဖြစ်ကြောင်းကုန်စင်ရေးတင်လိုက်ပြီး လက်မှတ်အပိုရှိသူများ ဆက်သွယ်ပေးပါရန် ပန်ကြားပေးလိုက်သည်။ ကံကောင်းထောက်မစွာပင် လက်မှတ်အပိုရှိသူတစ်ဦးက အကြောင်းပြန်လာသည်။ အယ်ဒီတာက ဒေါက်ကလပ်စ်ကို လိုက်ရှာရာ ဟိုတယ်တွင်ပင်တွေ့သည်။ သို့သော် ပွဲချိန်မမီတော့သဖြင့် ဒေါက်လပ်စ်မှာ ခဲလေသမျှ သဲရေကျပြီး အင်္ဂလန်အသင်းအတွက် အောင်ပွဲမခံလိုက်ရတော့ပေ။ အင်္ဂလန်အသင်းသည် ပြိုင်ဘက်ပနားမားအသင်းကို ၆ ဂိုး ၁ ဂိုးဖြင့် အပြတ်အသတ်အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။(DM, 25.6.18) ချယ်ရီ

## နိုင်ဂျီးရီးယားတွင် ခရစ်ယာန်လယ်သမားများနှင့် မွတ်စလင်နွားကျောင်းသားများ မြေနေရာလုကြပြီး ၈၆ ဦး သေဆုံး



နိုင်ဂျီးရီးယားအလယ်ပိုင်းတွင် လယ်သမားများနှင့် နွားကျောင်းသားများ ထိပ်တိုက်တွေ့ပြီး ရန်းရင်းဆန်ခတ်ဖြစ်ကြရာ လူပေါင်း ၈၆ ဦးထက်မနည်း သေဆုံးသွားကြောင်း ပလာတူပြည်နယ်မှ ရဲတပ်ဖွဲ့က ဆိုသည်ဟု ဇွန်လ ၂၅ ရက် သတင်းတွင် ဖော်ပြထားသည်။ လယ်သမားများက နွားကျောင်းသားများကို ဇွန်လ ၂၁ ရက်တွင် စတင်တိုက်ခိုက်ရာ နွားကျောင်းသားပေါင်းငါးဦး သေဆုံးသွားခဲ့သည်ဟု အချို့သတင်းများက ဆိုသည်။ သို့ဖြင့် အပြန်အလှန်လက်စားချေ တိုက်ခိုက်ကြပြန်ခြင်းဖြစ်သည်။ အဆိုပါနှစ်ဖွဲ့ မြေနေရာလုရင်းဖြင့် ခိုက်ရန်ဖြစ်ပွားနေကြသည်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ဆယ်စုနှစ်ပေါင်းများစွာကတည်းကပင်ဖြစ်သည်။ နှစ်ဖက်ထိပ်တိုက်တွေ့ကြရာတွင် အိမ်ပေါင်း ၅၀ မီးရှို့ခံလိုက်ရပြီး ဆိုင်ကယ် ၁၅ စီးနှင့်ကားနှစ်စီးလည်း မီးထဲပါသွားသည်။ ထို့ကြောင့် အစိုးရက အခင်းဖြစ်ပွားရာရွာများတွင် ညဘက်အပြင်မထွက်ရအမိန့်ချမှတ်လိုက်သည်။ လယ်သမားများနှင့် နွားကျောင်းသားများ မြေနေရာလုရင်း သွေးမြေကျသည်အထိ တိုက်ခိုက်ကြသည်မှာ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်မဟုတ်ပေ။ မွတ်စလင်နွားကျောင်းသားများက ၎င်းတို့နွားများ စားကျက်ကောင်းကောင်းတွင် အစာစားရရန်အတွက် နွားကို နေရာအနှံ့သွားကျောင်းလေ့ရှိသည်။ ထိုအခါ ခရစ်ယာန်လယ်သမားများနှင့် ထိပ်တိုက်တွေ့တော့ခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ပြီး အရေးယူသွားမည်ဟု သမ္မတက ဆိုသည်။

(BBC, 25.6.18) ချယ်ရီ

## အသေခံပုံးဖောက်ခွဲမှုကို ညွှန်ကြားခဲ့သည့် အကြမ်းဖက်ခေါင်းဆောင်ကို သေဒဏ်ချမှတ်





၂၀၁၆ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံတွင် IS တို့၏ အဦးဆုံးအသေခံဖောက်ခွဲတိုက်ခိုက်မှုကြီးဖြစ်ပွားခဲ့ပြီး ယင်းဖောက်ခွဲမှုကို စီစဉ်ညွှန်ကြားခဲ့သည့် IS အကြမ်းဖက်ခေါင်းဆောင်ကို သေဒဏ်စီရင်ချက်ချလိုက်ကြောင်းသိရသည်။ အာမန်အဘဒူရာမန်ဆိုသူ အသက် ၄၆ နှစ်အရွယ် IS အကြမ်းဖက်ခေါင်းဆောင်က စတားဘာ့ခ်ကော်ဖီဆိုင်တွင် ပစ်ခတ်မှုများနှင့်အတူ အသေခံပုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူလေးဦးသေဆုံးခဲ့ရခြင်းဖြစ်သည်။ အဘဒူရာမန်မှာ အင်ဒိုနီးရှား၏ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော ဂျာမားအနူရှာရွတ်ဒူလာ (JAD) ၏ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး JAD မှာ ၂၀၁၆ ခုနှစ်က စတားဘာ့ခ်ကော်ဖီဆိုင်တိုက်ခိုက်မှုအပြင် အင်ဒိုနီးရှား၏ ဒုတိယမြောက်အကြီးဆုံးမြို့ဖြစ်သော ဆုရာဘာယာမြို့တွင် အသေခံပုံးဖောက်ခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့သည့် အကြမ်းဖက်အဖွဲ့လည်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ အာမန်အဘဒူရာမန်က ISအကြမ်းဖက်အဖွဲ့အတွက် လူသစ်စုဆောင်းမှုများကိုလည်း ပြုလုပ်ပေးခဲ့ပြီး IS တို့အတွက် အင်ဒိုနီးရှားနိုင်ငံတွင်း ဘာသာပြန်အဖြစ်လုပ်ဆောင်ပေး ခဲ့သူလည်းဖြစ်သည်။

(DM, 25.6.18) သံသာ

## ဆော်ဒီတွင် အမျိုးသမီးများ ကားမောင်းခွင့်ရပြီ



ကားမောင်းခွင့် နှစ်ပေါင်း ဆယ်စုနှစ်ပေါင်းများစွာ ပိတ်ပင်ခံထားရသည့် ဆော်ဒီအမျိုးသမီးများ တရားဝင်ကားမောင်းခွင့်ရသွားပြီဟု ဇွန်လ ၂၄ ရက် ဘီဘီစီ သတင်းတွင် ဖော်ပြထားသည်။ အမျိုးသမီးများကို ကားမောင်းခွင့်ပြုသွားမည်ဟု အစိုးရက ပြီးခဲ့သည့်စက်တင်ဘာလတွင် ကြေညာခဲ့ကာ ယခုလဆန်းပိုင်းကစပြီး အမျိုးသမီးများကို ပထမဦးဆုံးအကြိမ်လိုင်စင်ထုတ်ပေးခဲ့သည်။ ပိတ်ပင်ချက်ကို မရုပ်သိမ်းမီကဆိုလျှင် ဆော်ဒီသည် အမျိုးသမီးများ ကားမောင်းခွင့်မရှိသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည်။ ထို့ကြောင့် ကားရှိသည့်အမျိုးသမီးများသည် အမျိုးသားယာဉ်မောင်းများကို ငှားထားရသည်။ သို့သော် အမျိုးသမီးများ ကားမောင်းခွင့်ရရန် လှုပ်ရှားသည့် တက်ကြွလှုပ်ရှားသူများ ဖမ်းဆီး ခံနေရချိန်တွင်ပင် အမျိုးသမီးများ ကားမောင်းခွင့် ရသွားခြင်းဖြစ်သည်။ အဆိုပါအခွင့်အရေး ရရှိရန် လှုပ်ရှားသည့် အမျိုးသမီးတက်ကြွလှုပ်ရှားသူပေါင်း ရှစ်ဦးကျော်သည် ထိန်းသိမ်းခံထားရပြီး တရားစွဲဆိုခံရနိုင်ခြေလည်း ရှိနေသည်။ အမျိုးသားအုပ်ထိန်းသူများ လက်အောက်တွင် အမျိုးသမီးများနေထိုင်ရသည့် ဥပဒေ ဆော်ဒီတွင်ရှိနေသဖြင့် ဆော်ဒီတွင် ပြုပြင်ပြောင်းလဲမှုများ ပိုမိုလုပ်ဆောင်လာရန် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တောင်းဆိုလိုက်သည်။ ဆော်ဒီအမျိုးသမီးများကို ကားမောင်းခွင့်ပြုရန် လူ့အခွင့်အရေး လှုပ်ရှားသူများ ကြိုးပမ်းနေကြသည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်သည်။

(BBC, 25.6.18) ချယ်ရီ

## ဘာလင်မြို့တွင် ၂၀၁၈ ဝတ်လစ်စားလစ်အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပ



ရုရှားနိုင်ငံ၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပနေချိန်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌လည်း အပြာဇာတ်ကားဝက်ဘ်ဆိုက်ဒ်တစ်ခု၏ဦးစီးမှုဖြင့် ၂၀၁၈ ဝတ်လစ်စားလစ်အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုလည်း ကျင်းပခဲ့သည်ဟု သိရသည်။

ဇွန်လ ၂၂ ရက်က ဘာလင်မြို့တွင် ကျင်းပခဲ့သည့်ဘောလုံးပြိုင်ပွဲများတွင် နာမည်ကျော်အပြာကားမော်ဒယ်လ်ပေါင်းများစွာပါဝင်ခဲ့ကြသည်။ Visit X ကဦးစီးသည့်ဘောလုံးပြိုင်ပွဲတွင် ကစားသမားအမျိုးသမီးများအားလုံးသည် အပေါ်ပိုင်းဝတ်လစ်စားလစ်နှင့်ဖြစ်ပြီး နိုင်ငံအသင်းဂျာစီများကိုသာ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဆေးခြယ်ထားသည်။ နှစ်စဉ်ကျင်းပသည့် ဝတ်လစ်စားလစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ယခုနှစ်ပွဲတွင် ဂျာမနီအသင်းနှင့်ဆွီဒင်အသင်းကြားပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ပွဲစီစဉ်ကျင်းပသူများက ဇွန်လ ၂၃ ရက်တွင် ဂျာမနီအသင်းနှင့်ဆွီဒင်အသင်းကြားယှဉ်ပြိုင်ကစားခဲ့သော ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲ၏ရှေ့ပြေးပွဲစဉ်တစ်ခုအဖြစ် သတ်မှတ်ဖော်ပြခဲ့ကြသည်ဟု သိရသည်။

(AP,25.6.18) အေးယုနိုင်

www.free4reader.com



## မြန်မာ-ထိုင်းနယ်စပ်အနီး၊ မယ်ဆိုင်မြို့ပြင်ရှိ လိုဏ်ဂူတွင် ပိတ်မိနေသည့် လူငယ်များကို အာဏာပိုင်များ ရှာဖွေနေကြ



မြန်မာ- ထိုင်းနယ်စပ်အနီး၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ပြင်ရှိ ထမ်လုံခွန်နမ်နမ်နွမ်လိုဏ်ဂူတွင် **ပျောက်ဆုံးနေသည့် လူငယ်ဘောလုံးအသင်းနှင့် နည်းပြတို့ကို သက်ဆိုင်ရာအာဏာပိုင်များက လိုက်လံရှာဖွေနေကြကြောင်း**သိရသည်။ လူငယ်ဘောလုံးသမား ၁၂ ဦးနှင့် အသက် ၂၅ နှစ် အရွယ်နည်းပြဆရာတို့ လိုဏ်ဂူအတွင်းသို့ ဝင်သွားခဲ့ပြီးနောက် အဆက်မပြတ်မိုးရွာသွန်းမှုများကြောင့် ဂူရှိချောင်းငယ်မှ ရေမြင့်တက်လာခဲ့ပြီး ဂူအတွင်းသို့ ရေစီးဝင်ခဲ့ရာမှ ဂူအတွင်း ပိတ်မိနေခဲ့ကာ ပြန်မထွက်လာနိုင်ဘဲ ပျောက်ဆုံးနေခြင်းဖြစ်နိုင်ကြောင်း ထိုင်းအခြေစိုက်သတင်းများတွင်ဖော်ပြထားခဲ့သည်။ **ဘောလုံးအသင်းသားများမှာ အသက် ၁၃ နှစ်မှ ၁၆ နှစ်အရွယ်ကြားလူငယ်များဖြစ်ကြပြီး** ဘောလုံးလေ့ကျင့်ကစားခဲ့ပြီးနောက် ဂူသို့အုပ်စုလိုက်လာရောက် လေ့လာခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ဆိုသည်။ မော်တော်ဆိုင်ကယ်တစ်စီး၊ စက်ဘီး ၁၁စီး၊ ကျောပိုးအိတ်များ၊ ဘောကန်ဖိနပ်များနှင့် အခြားအသုံးအဆောင်များကို ဂူဝနားတွင် ချန်ထားရစ်ခဲ့ပြီးမှ ဂူတွင်းသို့ဝင်သွားခဲ့ခြင်းဖြစ်ပြီး ပြန်လည်ထွက်လာခြင်းမရှိသဖြင့် ကယ်ဆယ်ရှာဖွေရေးများ လုပ်ဆောင်နေကြခြင်းဖြစ်သည်။ ဇွန်လ ၂၄ ရက်က သစ်တောအာဏာပိုင်များက ဂူအတွင်း နှစ်မိုင်ထိ ဝင်ရောက်ရှာဖွေခဲ့ပြီးနောက် ဂူအတွင်း ရေစီးဆင်းမှုများလာသဖြင့် ထွက်ပေါက်ပိတ်မည်စိုးရ၍ ရှာဖွေမှုကိုစွန့်လွှတ်ပြီး ပြန်ထွက်လာခဲ့ရကာ ဇွန်လ ၂၅ ရက် နံနက်ပိုင်းတွင် ရေငုပ်အဖွဲ့များက ရေကြီးရေလျှံနေသည့်ဂူအတွင်း ရေအနက်သုံးမိုင်သို့ ရေငုပ်ရှာဖွေနေသော်လည်း ပျောက်ဆုံးနေသူများကို မတွေ့ရသေးကြောင်း ရေတပ်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ရေးသားထားခဲ့သည်။ **ဂူတွင်းရှိသဘာဝအတားအဆီးများနှင့် ကျဉ်းမြောင်းသည့် လမ်းကြောင်းများနှင့် ဂူတွင်းရေမြင့်တက်မှုများကြောင့် ရှာဖွေရေးမှာ အခက်အခဲအဟန့်အတားများဖြစ်နေရကြောင်း** ရေတပ်အရာရှိ အာပါခွန်ယူကွန်ကောက ပြောကြားခဲ့သည်။ ပျောက်ဆုံးနေသူများ၏ မိဘဆွေမျိုးများလည်း ရောက်ရှိနေကြပြီး ဘေးမသီရန်မခဘဲ ပြန်ထွက်လာနိုင်ရေးအတွက် ပူပန်ကြီးစွာဖြင့် ဆုတောင်းနေကြကြောင်းသိရသည်။(ST, 25.6.18) သံသာ

## မိကျောင်းများနှင့်ထူးထူးခြားခြား အတူယှဉ်တွဲနေထိုင်ကြသည့် အာဖရိကရှိ မိကျောင်းကျေးရွာ



အာဖရိကတိုက်အနောက်ပိုင်း ဘာကီနာဖာဆိုနိုင်ငံ၊ အူဝါဂါဒူဂူမြို့တော်ကနေ မိုင် ၂၀ အကွာမှာတည်ရှိတဲ့ ဘဇူလီဆိုတဲ့ ကျေးရွာလေးမှာ **ရွာသူရွာသားတွေက မိကျောင်းအကောင် ၁၀၀ ကျော်နဲ့ အတူယှဉ်တွဲနေထိုင်ကြပြီး** ဒီလိုထူးခြားတဲ့နေထိုင်မှုပုံစံကြောင့် မိကျောင်းကျေးရွာလို့လည်း လူသိများလာခဲ့တာဖြစ်ပါတယ်။ **မိကျောင်းတွေကို ကျေးရွာက ကျွေးမွေးစောင့်ရှောက်ထားပြီး** ကလေးတွေကအစ မိကျောင်းတွေနဲ့အတူ ရေကူးနေကြတာဖြစ်ပါတယ်။ မွန်မြတ်တဲ့မိကျောင်းတွေအဖြစ် သတ်မှတ်ထားပြီး ရွာသူရွာသားတွေက မိကျောင်းနားသွားတာ၊ မိကျောင်းပေါ်တက်ထိုင်တာမျိုးအပြင် သတ္တိကောင်းသူတွေက မိကျောင်းပေါ်ကျောဆန့်ပြီးတောင် အိပ်စက်တတ်ကြသေးတယ်လို့ သိရပါတယ်။ ၁၅ ရာစုကတည်းကပေါ်ထွန်းခဲ့တဲ့ဒဏ္ဍာရီအရ ကျေးရွာမှာ မိုးခေါင်ရေရှားချိန်တုန်းက မိကျောင်းတွေက ရွာသူအမျိုးသမီးတွေကို လျှို့ဝှက်ရေကန်တစ်ခုဆီခေါ်ဆောင်သွားတာကြောင့် ရွာမှာဘေးလွတ်ကင်းခဲ့ရပြီး အသက်ရှင်ခွင့်ရခဲ့တာကြောင့် **မိကျောင်းတွေကိုကျေးဇူးတင်တဲ့အနေနဲ့ နှစ်စဉ်နှစ်တိုင်း ယဇ်ပူဇော်ပွဲနဲ့ မိကျောင်းတွေကိုပူဇော်တဲ့အခမ်းအနားလည်း ရွာမှာကျင်းပမြဲဖြစ်တယ်လို့သိရပါတယ်။**

(SCMP, 25.6.18) သံသာ

## ဆော်ဒီက ရေမ တူးမြောင်းကြီးတူးကာ ကာတာကို ကျွန်းဖြစ်အောင်လုပ်မည်



ဆော်ဒီ၊ ကာတာ နယ်စပ်တွင် **ရေမ တူးမြောင်းကြီးတူးရန်အတွက် ဆော်ဒီက တင်ဒါခေါ်နေပြီဖြစ်သည်။ ထိုသို့သာ တူးလိုက်ပါက ဆော်ဒီနှင့်ကပ်လျက် ကာတာသည် ကျွန်းဖြစ်သွားတော့မည်**ဟု ဒေသခံသတင်းများက ဆိုသည်။ ဇွန်လ ၂၅ ရက်တွင် ပြုလုပ်သည့် လေလံပွဲတွင် ကုမ္ပဏီငါးခုက စိတ်ဝင်စားကြောင်း ဖော်ပြခဲ့သည်။ ရွေးချယ်ခံရသည့်ကုမ္ပဏီကို သုံးလအတွင်း ကြေညာသွားမည်ဖြစ်ပြီး ရွေးချယ်ခံရပြီးပြီးချင်းတွင်ပင် ကုမ္ပဏီသည် လုပ်ငန်းစလုပ်ရမည်ဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံရေး ဆိုးရွားသည်ထက်ဆိုးရွားလာချိန်တွင် ဆော်ဒီအစိုးရက ဆယ်လ်ဝါဆိုသည့်တူးမြောင်းကို တူးရန်ပြင်ဆင်ခြင်းဖြစ်သည်။ တူးမြောင်းကြီးကို **တစ်နှစ်အတွင်းအပြီးတူးရန် ဆော်ဒီက စီစဉ်ထားပြီး ထိုအတိုင်းဆိုလျှင် နှစ်နိုင်ငံကြားတွင် ရေပြင်ကြီးခြားသွားတော့မည်ဖြစ်သည်။**

ယင်းတူးမြောင်းသည် **အရှည်ကီလိုမီတာ ၆၀ ရှိမည်ဖြစ်ပြီး အကျယ် မီတာ ၂၀၀ ရှိမည်ဖြစ်ကာ ကုန်ကျစရိတ် ဒေါ်လာ ၇၄၆ သန်းရှိမည်**ဟု သတင်းရင်းမြစ်များအရ သိရသည်။ တူးမြောင်းကို ဆော်ဒီနယ်စပ်မှ တစ်ကီလိုမီတာမှ ငါးကီလိုမီတာအကွာအတွင်း တူးသွားရန် စီစဉ်ထားပြီး ကျန်သည့်မြေကို စစ်တပ်နှင့်နယ်စပ်လုံခြုံရေးအတွက် ချန်ထားမည်ဟု ဆော်ဒီမီဒီယာများက ဆိုသည်။ **တူးမြောင်းသာ ပြီးသွားပါက ကျွန်းဆွယ်တွင်တည်ရှိကာ ကုန်းမြေနယ်စပ်ဟူ၍ ဆော်ဒီနှင့်သာ ထိစပ်နေသည့် ကာတာသည် ကျွန်းနိုင်ငံဖြစ်သွားတော့မည်ဖြစ်သည်။** ဆော်ဒီက ကာတာကို အကြမ်းဖက်ဝါဒအားပေးသည့်နိုင်ငံဟု ပြီးခဲ့သည့်နှစ်တွင် စွပ်စွဲခဲ့ဖူးပြီး သံတမန်အဆက်အသွယ်ဖြတ်လိုက်သည်။

(RT, 25.6.18) ချယ်ရီ

## ပေ ၅၉၀၀ အမြင့်ရှိတောင်ထိပ်ကိုပိုင်းဖြတ်ကာ တရုတ်က ခေတ်မီလေဆိပ်သစ်ကြီးဆောက်လုပ်နေ




တရုတ်နိုင်ငံ **ချုံကင်းမြို့တွင် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၅၉၀၀ အမြင့်ရှိတောင်ထိပ်ကိုပိုင်းဖြတ်ကာ ဒေါ်လာ ၂၅၂ သန်းအကုန်အကျခံပြီး ဝူရှန်းခေတ်မီလေဆိပ်သစ်ကြီးကို ဆောက်လုပ်**လျက်ရှိသည်ဟု သိရသည်။

လာမည့်နှစ်တွင်ဖွင့်လှစ်နိုင်ရန်ရည်**မှန်းထားသည့်**ဝူရှန်းလေဆိပ်သည် ဝူရှန်းမြို့လေး၏အပြင်ဘက် ၉.၃ မိုင်အကွာရှိ ထောင်ဟွာတောင်ထိပ်တွင်တည်ရှိပြီး **လေဆိပ်၏တစ်ခုတည်းသောလေယာဉ်ပြေးလမ်းသည် ၈၅၃၀ ပေရှည်ကာ ၁၄၇ ပေကျယ်သည်။ လေယာဉ်ငါးစင်းဝင်ဆံ့သောလေဆိပ်ဥပစာတစ်ခုလည်း ပါရှိမည်**ဖြစ်သည်။ တောင်တန်းဒေသဖြစ်သည့်အတွက် လေဆိပ်အတွက်နေရာဖန်တီးရန် ဆောက်လုပ်ရေးလုပ်သားများက တောင်ထိပ်တွင် ဒိုင်းနမိုက်များဖြင့်ဖောက်ခွဲခဲ့ရသည်။ ၃၅၀၀ စတုရန်းပေကျယ်ဝန်းသည့် လေဆိပ်သစ်ဆောက်လုပ်မှုပရောဂျက်ကို လွန်ခဲ့သည့်ခြောက်နှစ်ကစတင်ခဲ့ပြီး အချို့ရက်များတွင် အလုပ်သမား ၂၀၀၀ ကျော်နှင့်စက်ယန္တရား ၈၀၀ ခန့်ကိုတစ်ပြိုင်တည်းအသုံးပြုခဲ့ကြရသည်။ ၂၀၁၇ ခုနှစ်တွင် **ခရီးသည်သန်း ၄၀ ကျော်ဝင်ထွက်သွားလာခဲ့သည့် ချုံကင်းကျန်းပေ နိုင်ငံတကာလေဆိပ်မှ များပြားလွန်းသည့် လေကြောင်းခရီးစဉ်များကို ခွဲဝေယူပေးရန်ရည်ရွယ်၍** လာမည့်နှစ်တွင်ဖွင့်လှစ်ပြီးသည်နှင့် ဘေဂျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုးနှင့် တရုတ်နိုင်ငံ၏အခြားအထင်ကရမြို့ကြီးများသို့လေကြောင်းခရီးစဉ်များပြေးဆွဲပေးသွားမည်ဖြစ်သည်ဟု သိရသည်။

(DM,25.6.18) အေးယုနိုင်

## တူရကီရွေးကောက်ပွဲတွင် လက်ရှိသမ္မတသာ အနိုင်ရပြန်




တူရကီရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ရီဆက်တေယစ်အာဒိုဂန်သာ နောက်ထပ်ငါးနှစ်သက်တမ်းအတွက် အနိုင်ရသွားပြန်ပြီဖြစ်သည်။ ရွေးကောက်ပွဲ **မဲရလဒ်များကို ရေတွက်ရာတွင် ၎င်းက ပြိုင်ဘက်များကို အပြတ်အသတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မဲများကို ၉၉ ရာခိုင်နှုန်း ရေတွက်ပြီးသွားပြီဖြစ်ရာ ၅၃ ရာခိုင်နှုန်းကို မစ္စတာ အာဒိုဂန်က ရရှိထားပြီး မူဟာရမ်အင်စီသည် ၃၁ ရာခိုင်နှုန်းသာရရှိသည်**ဟု နိုင်ငံပိုင်မီဒီယာက ဆိုသည်။ အတိုက်အခံက ရွေးကောက်ပွဲရှုံးနိမ့်ကြောင်း ဝန်မခံသေးသော်လည်း မည်သည့်ရလဒ်ပင်ထွက်စေကာမူ ဒီမိုကရေစီတိုက်ပွဲအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ပြောကြားခဲ့သည်။ အစိုးရပိုင်မီဒီယာက ကြေညာသည့်ရလဒ်ကို အချို့ကလည်း သံသယဝင်ကြသည်။ **နောက်ဆုံးရလဒ်ကို ဇွန်လ ၂၉ ရက်တွင် ကြေညာသွားမည်ဖြစ်သည်။** အသက် ၆၄ နှစ်အရွယ် အာဒိုဂန်က ရွေးကောက်ပွဲအနိုင်ရသည့်အနေဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။ **သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ နောက်ထပ်လေးဦးရှိသေးသော်လည်း ၎င်းတို့ထဲတွင် မည်သူမှ မဲအရေအတွက် ၈ ဒသမ ၄ ရာခိုင်နှုန်းကျော် မရကြပေ။** မစ္စတာအာဒိုဂန်သည် ၂၀၁၄ ခုနှစ်တွင် သမ္မတ ဖြစ်မလာမီကလည်း ဝန်ကြီးချုပ်အဖြစ် ၁၁ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

(BBC, 25.6.18) ချယ်ရီ

www.free4reader.com



## ကိုရီးယားစစ်ပွဲအတွင်းက ကွဲကွာသွားကြသည့် မိသားစုဝင်များ ဩဂုတ်လတွင် ပြန်ဆုံခွင့်ရတော့မည်



ကိုရီးယားစစ်ပွဲအတွင်းက ကွဲကွာသွားကြသည့် မိသားစုဝင်များကို ပြန်လည်ဆုံစည်းခွင့်ပြုရန် တောင်နှင့်မြောက်ကိုရီးယားအရာရှိများ သဘောတူလိုက်ပြီဖြစ်သည်။ **၁၉၅၀ ပြည့်နှစ်မှ ၁၉၅၃ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် စစ်ပွဲကြောင့် လူထောင်ပေါင်းများစွာ မိသားစုနှင့် တကွဲတပြားစီဖြစ်သွားရသည်။** ချစ်ရသူဆွေမျိုးရင်းချာများနှင့် ပြန်လည်ဆုံတွေ့ခွင့်မရမီကွယ်လွန်သွားသူများလည်း အများအပြားရှိနေသည်။ မိသားစုပြန်လည်ဆုံစည်းပွဲကို ဩဂုတ်လတွင် ပြုလုပ်သွားရန် နှစ်ဖက်အရာရှိများ သဘောတူလိုက်သည်။ နောက်ဆုံးပြုလုပ်ခဲ့သည့် ဆုံစည်းပွဲမှာ ၂၀၁၅ ခုနှစ် အောက်တိုဘာလကဖြစ်သည်။ ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှု လျော့ကျလာပြီးနောက် အဆိုပါဆွေးနွေးပွဲ အထမြောက်လာခြင်းဖြစ်သည်။ နှစ်ဖက်ထိပ်သီးခေါင်းဆောင်တို့ ဧပြီလတွင် တွေ့ဆုံခဲ့ပြီး အဆိုပါကိစ္စကို သဘောတူခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် နှစ်ဖက်အဆင့်မြင့်အရာရှိများက မြောက်ကိုရီးယားရှိ ကူဂန်တောင် အပန်းဖြေစခန်းတွင် တွေ့ဆုံကာ ဆွေးနွေးကြပြီး **ဩဂုတ်လနှောင်းပိုင်းဟု ရက်သတ်မှတ်လိုက်ခြင်းဖြစ်သည်။ မိသားစုဆုံစည်းပွဲကို ဩဂုတ်လ ၂၀ ရက်မှ ဩဂုတ်လ ၂၆ ရက်အထိပြုလုပ်သွားမည်ဖြစ်ပြီး တစ်ဖက်မှ လူ ၁၀၀ စီ ရွေးသွားမည်ဖြစ်သည်။ ကွဲကွာသွားသည့် မိသားစုရင်းချာနှင့် ပြန်လည်တွေ့ဆုံခွင့်ရရန် လာရောက်လျှောက်ထားသူပေါင်း တောင်ကိုရီးယားဘက်ခြမ်းတစ်ခုတည်းတွင်ပင် ၅၇၀၀၀ ရှိသဖြင့်** အယောက် ၁၀၀ ဆိုသည့်ဦးရေမှာနည်းပါးလှသည်။

(BBC, 23.6.18) ချယ်ရီ

## သိပ္ပံပညာရှင်များ မမြင်ဖူးသည့် မျောက်မျိုးစိတ်ကို တရုတ်ရှေးဟောင်းအုတ်ဂူထဲတွင် တွေ့ရှိ



သိပ္ပံပညာရှင်များ ယခင်က မမြင်ဖူးသည့် မျောက်မျိုးစိတ်ကို တရုတ်ရှေးဟောင်းအုတ်ဂူတစ်ခုထဲတွင် တွေ့ရှိလိုက်ရသည်။ လူသားများကြောင့် တိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်ကုန်ခြင်းသည် ယနေ့ခေတ်မှဖြစ်လာသည့်ကိစ္စမဟုတ်ဘဲ ရှေးယခင်ကတည်းကပင် ဖြစ်ခဲ့သည်ဆိုသည်ကို ထိုဖြစ်ရပ်ကြောင့် ပညာရှင်များ သိရှိလိုက်ရသည်။ **ယင်းအုတ်ဂူထဲတွင် တွေ့ရသည့် မျောက်လွဲကျော်သည် မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။** ယနေ့ခေတ်တွင် ကျန်ရှိနေသေးသည့် မျောက်များသည်လည်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေကြသည်။ လူသားတို့၏ပယောဂကြောင့် ပျောက်ကွယ်သွားရသည့် တိရစ္ဆာန်မျိုးစိတ်များထဲတွင် ယင်းမျောက်မျိုးစိတ်က ပထမဦးဆုံး ဖြစ်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ယူဆသည်။ **လွန်ခဲ့သည့် နှစ်ပေါင်း ၂၃၀၀ ခန့်က တည်ဆောက်ထားသည့် အုတ်ဂူထဲတွင် ထိုမျောက်ခေါင်းနှင့်အတူ ကျားသစ်၊ ဝက်ဝံနှင့်လင့်ကြောင်မြီးတိုတို့၏ အရိုးများကိုလည်း** တွေ့ရသည်။ ယင်းအုတ်ဂူသည် **မဟာတံတိုင်းကို တည်ဆောက်ရန် အမိန့်ပေးခဲ့သည့် တရုတ်ပထမဦးဆုံး ဧကရာဇ်၏ မိခင်ကို မြှုပ်နှံထားရာနေရာဖြစ်သည်။** မျောက်လွဲကျော်များကို တရုတ်တို့က ရှေးယခင်ကတည်းကပင် အိမ်တွင် အမြတ်တနိုးမွေးမြူထားလေ့ရှိသည်။ **အထက်ပါမျောက်ခေါင်းကို ခေတ်မီနည်းပညာများဖြင့်** ပုံဖော်ကြည့်သည့်အခါ **မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သည့် မျိုးစိတ်ဖြစ်နေကြောင်း** ပညာရှင်များ သိလိုက်ရခြင်းဖြစ်သည်။ အဆိုပါမျောက်မျိုး လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ ခန့်အထိ ဤကမ္ဘာမြေပြင်ပေါ်တွင် ရှင်သန်နေခဲ့သေးဖွယ်ရှိသည်။

(BBC, 23.6.18)

ချယ်ရီ

## အရက်သမားများအကြိုက်တွေ့မည့် အရက်ရေခဲမုန့်



အမေရိကန်ပြည်ထောင်စုအခြေစိုက် ကုမ္ပဏီတစ်ခုက အရက်ရေခဲမုန့်ကို ထုတ်လုပ်ရောင်းချနေသည်။ **လတ်ဆတ်သည့်သစ်သီးဝလံနှင့်အရက်အကောင်းစားကို ပေါင်းစပ်ကာ အထက်ပါရေခဲမုန့်ကို** လုပ်ထားခြင်းဖြစ်သည်။ ယင်းထဲတွင်ပါ**သည့် အရက်ပမာဏသည် ဘီယာတွင်ပါသည့် အရက်ပမာဏအတိုင်းပင်**ဖြစ်သည်။ ထို့ကြောင့် ရေခဲမုန့်တစ်ခုဆိုလျှင်ပင် မူးမည်ဖြစ်သည်။ **အဆိုပါရေခဲမုန့်ရှစ်ခုတွဲကို** ဝယ်လျှင် ဒေါ်လာ ၁၀၀ ခန့် ကျသင့်မည်**ဖြစ်သည်။** ထို့ကြောင့် ယင်းသည် အရက်၊ ဘီယာထက်များစွာ ဈေးပိုကြီးနေသည်။ ထို့ပြင် အွန်လိုင်းမှမှာပြီး ပို့ခိုင်းပါကလည်း ပို့ခ ၃၅ ဒေါ်လာခန့် ထပ်ပေးရဦးမည်ဖြစ်သည်။ သို့သော် **ယင်းကို မြည်းကြည့်ရုံမျှဖြင့် ငွေကုန်ရကျိုးနပ်ကြောင်း ချက်ချင်းသိသွားမည်ဟု** ကုမ္ပဏီကဆိုသည်။ အမေရိကရှိ စားသောက်ဆိုင်များနှင့် ဈေးဆိုင်များတွင် ယင်းကို ဝယ်ယူရရှိနိုင်သည်။ **ဘလူးဘယ်ရီအရသာ၊ သရက်သီးအရသာ၊ ဖရဲသီးအရသာ စသဖြင့် အရသာပေါင်း ရှစ်မျိုး ထုတ်လုပ်ထားသည်။** တစ်နှစ်လျှင် မတူညီသည့်အရသာတစ်မျိုးပြီးတစ်မျိုး ပြောင်းလဲထုတ်လုပ်သွားမည်ဖြစ်ပြီး **၇၅ မျိုးအထိပြောင်းလဲထုတ်လုပ်သွားမည်ဟု** ကုမ္ပဏီကဆိုသည်။

(OC, 23.6.18) ချယ်ရီ

## ထရမ့်က မြောက်ကိုရီးယားကို ပိတ်ဆို့အရေးယူမှု တစ်နှစ် ထပ်တိုးလိုက်



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က **မြောက်ကိုရီးယားအပေါ်ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို တစ်နှစ်ထပ်တိုးလိုက်ပြီဖြစ်သည်။** မြောက်ကိုရီးယား တင်သွင်းနေသည့် လောင်စာဆီနှင့် အခြားသောကုန်ပစ္စည်းများကို ကန့်သတ်ရမည်ဟူသော ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ကုလဆုံးဖြတ်ချက်အရ မြောက်ကိုရီးယားကို ယင်းသို့အရေးယူထားခြင်းဖြစ်ပြီး အရေးယူချက်ကို အမေရိကန်က တစ်နှစ်တိုးလိုက်ခြင်းဖြစ်သည်။ ကင်ဂျုံအွန်းသည် နိုင်ငံတကာတောင်းဆိုချက်များနှင့်အညီ ဆောင်ရွက်နေသည်ဟု ထရမ့်ပြောကြားလိုက်အပြီး တစ်ရက်အကြာတွင်ပင် အရေးယူမှုကို သက်တမ်းတိုးလိုက်ခြင်းဖြစ်သည်။ မြောက်ကိုရီးယားကို ဖိအားအလွန်အကျွံပေးရေး မူဝါဒအရ အရေးယူချက်ကို ထိုသို့ထပ်တိုးလိုက်ခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတရုံးအိမ်ဖြူတော်က ဆိုသည်။ **နျူကလက်နက်ကို အလုံးစုံစွန့်လွှတ်မှသာ ပိတ်ဆို့မှုများကို ရုပ်သိမ်းမည်ဟု အမေရိကန်အစိုးရက ဆိုသည်။ မြောက်ကိုရီးယားသည် နျူကလက်နက်စွန့်လွှတ်ရေး လုပ်ဆောင်နေကြောင်း၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်းမှာလည်း နှစ်လိုဖွယ်လူတစ်ဦးဖြစ်ကြောင်း မင်နီဆိုးတား လူထုစည်းဝေးပွဲတွင် ထရမ့်ပြောကြားခဲ့သေးပြီး နောက်တစ်နေ့တွင် အရေးယူမှုကို သက်တမ်းတိုးလိုက်ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ဇွန်လ ၁၂ ရက်တွင် စင်ကာပူ၌ သမိုင်းဝင်တွေ့ဆုံ**ဆွေးနွေးခဲ့ကြသည်။

(SN, 23.6.18) ချယ်ရီ

## ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲကို အားပေးကြည့်ရှုရန် ရှစ်နိုင်ငံကို စက်ဘီးစီးနင်းဖြတ်ကျော်၍ရောက်လာခဲ့သည့် အင်္ဂလန်ပရိသတ်နှစ်ဦး



အင်္ဂလန်အသင်းပရိသတ်တွေဖြစ်ကြတဲ့ ဂျေမီမာရီယော့နဲ့ မစ်ချ်ဂျုံးစ်တို့က ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အသင်းဘက်ကနေ ကြည့်ရှုအားပေးဖို့ရာအတွက် **အင်္ဂလန်ကနေ ရုရှားနိုင်ငံ ဗော်ဂိုဂရက်မြို့ထိ နိုင်ငံရှစ်နိုင်ငံ ခရီးမိုင် ၂၄၀၀ကို စက်ဘီးနဲ့ ရောက်လာခဲ့ကြတာဖြစ်ပါတယ်။** အင်္ဂလန်နိုင်ငံတောင်ပိုင်းကမ်းခြေကျေးရွာ အမ်းစဝ့်ါသ်ကနေ ဒိုဗာမြို့ထိ စက်ဘီးနင်းလာခဲ့ပြီးနောက် ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဂျာမနီ၊ ပိုလန်၊ ယူကရိန်းနိုင်ငံတို့ကို စက်ဘီးနင်းကာ ဖြတ်ကျော်လာခဲ့ပြီး ရုရှားနိုင်ငံထဲထိ ရောက်လာနိုင်ခဲ့တာဖြစ်ပါတယ်။ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲကို **ကြည့်ရှုအားပေးဖို့သက်သက် စက်ဘီးနဲ့ခရီးဆန့်ခဲ့ကြတာမဟုတ်ဘဲ ကင်ဆာဝေဒနာရှင်တွေအတွက်ကူညီပေးဖို့** Bobby Moore ကင်ဆာသုတေသန ဗြိတိန်ရဲ့ပုံငွေအဖွဲ့အတွက် ရန်ပုံငွေ တိုးမြင့်စေဖို့ရည်ရွယ်ချက်လည်း ပါတယ်လို့ သိရပါတယ်။

(DM, 23.6.18) သံသာ

www.free4reader.com

## ခရီးသွားများကို ဆွဲဆောင်သည့်အနေဖြင့် လစ်ဘနွန်က ရဲမေများကို အတိုအပြတ်များ ဝင်ဆင်စေ



လစ်ဘနွန်နိုင်ငံရှိ ဘရွမ်မာနာမြို့တော်ဝန်က မြို့သို့ ခရီးသွားများ ဝင်ရောက်မှုနှုန်း တက်လာစေရန်အလို့ငှာ ငယ်ငယ်ချောချော ရဲမေများကို ဘောင်းဘီတိုတိုကပ်ကပ်များ ဝတ်ဆင်စေပြီး ဦးထုပ်အနီရောင်များ ဆောင်းစေသည်။ နိုင်ငံခြားသားခရီးသွား အားလုံးနီးပါးသည် အတိုအပြတ်များ ဝတ်ဆင်လေ့ရှိကြောင်း၊ အတိုအပြတ်ကို စတိုင်ကျကျဝတ်ဆင်ထားသည့် ယာဉ်ထိန်းရဲမေ အချောအလှများကြောင့် မြို့ကို ခရီးသွားများ ပိုမိုစိတ်ဝင်စားလာကာ မြို့အလှလည်း တိုးသွားမည်ဟု မျှော်လင့်ကြောင်း၊ အနောက်နိုင်ငံသားများ မျက်စိထဲတွင် လစ်ဘနွန်ကို လည်ပတ်ဖွယ်မကောင်းသည့်နိုင်ငံဟု မြင်နေကြသဖြင့် ယင်းကို ပြောင်းလဲနိုင်ရန် ယခုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်ကြောင်း မြို့တော်ဝန်က သတင်းဌာနတစ်ခုကို ပြောပြသွားခဲ့သည်။ သို့သော် အထက်ပါအစီအစဉ်ကို ချီးမွမ်းသူများရှိသကဲ့သို့ ကဲ့ရဲ့သူများကလည်းရှိသည်။ မိန်းမချောများကို အသုံးချကာ ခရီးသွားများအား ဆွဲဆောင်ခြင်းသည် မလျော်ကန်သည့် နည်းလမ်းဟု အွန်လိုင်းဝေဖန်ရေးသမားများက ဆိုသည်။ ထို့ပြင် ရဲမေများ၏ ဝတ်စုံကို ပြောင်းလိုက်သော်လည်း အမျိုးသားရဲများ၏ ဝတ်စုံမှာမူ မူလတိုင်းသာ ဖြစ်နေကြောင်း ဝေဖန်ရေးသမားများက ဆိုပြန်သည်။ အွန်လိုင်းဝေဖန်ရေးသမားများက မည်သို့ပင်ဆိုစေကာမူ ရဲမေတစ်ဦးက "ဒီဝတ်စုံလေးကို သဘောကျတယ်။ နောက်နှစ် နွေရာသီကျရင်လည်း ဒီလိုပဲဝတ်ချင်တယ်" ဟု ဆိုသည်။

(RT, 23.6.18) ချယ်ရီ

## ကားရောင်းကာ သား၏လိုအပ်ချက်ကို ဖြည့်ပေးခဲ့သည့် မိခင်အား ၁၂ နှစ်အကြာတွင် သားက ကားလက်ဆောင်ပေး



ကားရောင်းကာ သား၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့သည့် မိခင်အား ၁၂ နှစ်အကြာတွင် သားဖြစ်သူက ကားလက်ဆောင် ဝယ်ပေးကာ ကျေးဇူးဆပ်လိုက်သည်။ ယခုအချိန်တွင် အောင်မြင်သည့် အသံပိုင်းဆိုင်ရာ အင်ဂျင်နီယာ ဖြစ်နေပြီဖြစ်သည့် ရိုစ်ရိုသာရိဘော်ဂ်သည် ၎င်းတတ်နိုင်သည့်အခါ မိခင်ကို ကားပြန်ဝယ်ပေးမည်ဟု အမြဲစိတ်ကူးခဲ့သည်။ အင်္ဂလန်တစ်လွှား နယ်လှည့်ဖျော်ဖြေရေးခရီးသွားရသည့် ဂီတသမားဖြစ်သူ သားအတွက် မိခင်က ၎င်းကားကိုရောင်းချကာ သားဖြစ်သူအတွက် ဗင်ကားဝယ်ပေးခဲ့ခြင်းဖြစ်သည်။ သို့မှသာ သားဖြစ်သူသည် ဂီတပိုင်းအတွက် လိုအပ်သည့်ပစ္စည်းများကို ကားပေါ်စိတ်ကြိုက်တင်သွားနိုင်မည်ဖြစ်၍ပင်။ ၁၂ နှစ်ကြာသော် သားဖြစ်သူက အသက် ၆၃ နှစ်ရှိပြီဖြစ်သည့် မိခင်အတွက် ကားလက်ဆောင်ဝယ်ပေးလိုက်ခြင်းဖြစ်သည်။ သားကကားကို မိခင်အိမ်ဝင်းထဲမောင်းလာပြီး ကားသော့ကို မိခင်လက်ထဲ ထည့်ပေးလိုက်သည်။ ထိုအခါမှ မိခင်မှာ သဘောပေါက်သွားပြီး ဝမ်းသာကာ မျက်ရည်များ ကျလာတော့သည်။ "အမေ့ကို အခုလိုကားလက်ဆောင်ဝယ်ပေးတော့ ကျွန်တော့်ကို လူတွေကသိပ်တော်တာပဲလို့ ဝိုင်းချီးကျူးကြတယ်။ ဒါပေမဲ့ အမေ ကျွန်တော့်အတွက်လုပ်ပေးခဲ့တာတွေနဲ့စာရင် ကျွန်တော် လုပ်ပေးတာက ဘာမှမပြောပလောက်ပါဘူး" ဟု အသက် ၃၀ အရွယ်ရိုစ်က ဆိုသည်။

(DM, 23.6.18) ချယ်ရီ

## တောင်တက်သူများ စည်းကမ်းမရှိအမှိုက်ပစ်ကြသဖြင့် ဧဝရက်တောင်ထိပ်သည် ကမ္ဘာ့အမြင့်ဆုံးအမှိုက်ပုံ ဖြစ်လာ



ငွေကို ပုံးပေါလအောသုံးနိုင်သည့် တောင်တက်သမားသူဌေးများကြောင့် ဧဝရက်တောင်ထိပ်မှာ ကမ္ဘာ့အမြင့်ဆုံး အမှိုက်ပုံကြီးဖြစ်သွားပြီဟု ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။ တစ်ခါသုံးရွက်ဖျင်တဲများ၊ တောင်တက်ပစ္စည်းကိရိယာများ၊ ဂက်စ်ဘူးခွံများနှင့် လူတို့၏ အညစ်အကြေးများသည် တောင်တက်လမ်းတစ်လျှောက်မှစ၍ တောင်ထိပ်အထိ ပုံအောနေသည်။ ကမ္ဘာ့အမြင့်ဆုံး တောင်ပေါ်တက်သည့်လူဦးရေ တစ်နှစ်ထက်တစ်နှစ်များလာသည်နှင့်အမျှအမှိုက်ပြဿနာသည်လည်း ပို၍ပို၍ဆိုးလာသည်။ ယခုနှစ်တစ်နှစ်တည်းတွင်ပင် တောင်တက်သူ ၆၀၀ ကျော်သွားပြီဖြစ်သည်။ ထို့ပြင် ကမ္ဘာကြီးပူနွေးမှုကြောင့် ရေခဲလည်း အရည်ပျော်လာရာ ထိုအရည်များသည် အမှိုက်နှင့်ရောထွေးကုန်တော့သည်။ တောင်တက်မည့်အဖွဲ့ကို စရန်ငွေ ဒေါ်လာ ၄၀၀၀ သွင်းစိုင်းသည့်အစီအစဉ်ကို နီပေါက လွန်ခဲ့သည့် ငါးနှစ်ကစကာ လုပ်ဆောင်ခဲ့သည်။ အဆိုပါ တောင်တက်အဖွဲ့က အမှိုက် ၁၈ ပေါင်ကို သယ်လာခဲ့လျှင် ၎င်းတို့ကို အထက်ပါငွေပြန်အမ်းသည့်အစီအစဉ်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် တောင်တက်သမားများသည် အမှိုက် ၂၅ တန်နီးပါးနှင့် လူ့အညစ်အကြေး ၁၅ တန်ကို သယ်လာခဲ့ကြသည်။ အဆိုပါ အလေးချိန်သည် နှစ်ထပ်ဘတ်စကားသုံးစီး၏အလေးချိန်နှင့်ညီမျှသည်။ သို့သော်အပြန်လမ်းတွင် အမှိုက်သယ်လာသူဦးရေမှာ စုစုပေါင်း တောင်တက်သမား၏ထက်ဝက်သာရှိသည့်အတွက် အမှိုက်မှာ တောင်ပေါ်တွင် ပို၍ပို၍များလာတော့သည်။

(DM, 23.6.18) ချယ်ရီ



www.free4reader.com

## တရုတ်က ကမ္ဘောဒီးယားကို စစ်ရေးအကူအညီ ဒေါ်လာ သန်း ၁၀၀ ကျော် ပေးအပ်



**တရုတ်က ကမ္ဘောဒီးယားကို စစ်ရေးအကူအညီ ဒေါ်လာ သန်း ၁၀၀ ကျော်ပေးအပ်လိုက်ပြီဖြစ်ကြောင်း** သိရသည်။ တရုတ်အစိုးရနှင့် ကမ္ဘောဒီးယားအစိုးရတို့ မည်မျှရင်းနှီးသည်ဆိုသည်ကို ယင်းလုပ်ရပ်က ကွင်းကွင်းကွက်ကွက်ပြသနေသည်။ ကမ္ဘောဒီးယားသည် ဇူလိုင် ၂၉ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပသွားရန်ရှိနေသော်လည်း **အတိုက်အခံပါတီကို နိုင်ငံတော်တရားရုံးချုပ်က ဖျက်သိမ်းလိုက်ပြီဖြစ်သည့်အတွက်** လက်ရှိဝန်ကြီးချုပ် ဟွန်ဆန်၏ ပါတီကသာ နိုင်သွားဖွယ်ရှိသည်။ တရုတ်ကာကွယ်ရေးဝန်ကြီး ဝီဖန်ဟီ ကမ္ဘောဒီးယားသို့ ရောက်ရှိနေစဉ်တွင် အဆိုပါအကူအညီကို ပေးခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယား အသုံးလိုသည့်အရာများကို ဝယ်ယူရန် ထိုအထောက်အပံ့ကို ပေးခြင်းဖြစ်ကြောင်းနှင့်နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို လာမည့်နှစ်တွင် ထပ်မံလေ့ကျင့်ဦးမည်ဖြစ်ကြောင်း တရုတ်က ပြောကြားသွားခဲ့သည်ဟု ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ "ဒီငွေနဲ့ ဘာတွေပဲ ဝယ်ရမယ်လို့ **သူက ဘာမှကန့်သတ်မသွားပါဘူး။ ကျွန်တော်တို့လိုအပ်တာမှန်သမျှ လွတ်လွတ်လပ်လပ်ဝယ်ဖို့ပြောသွားပါတယ်**"ဟု ၎င်းက ဆိုသည်။ **တရုတ်သည် ကမ္ဘောဒီးယား၏ အဓိက အလှူရှင်နိုင်ငံဖြစ်ကာ အာဏာကို ၃၃ နှစ်ကြာ ဆုပ်ကိုင်ထားသည့် ဟွန်ဆန်ကိုလည်း ထောက်ခံမှုပေးထားသည်။**

(TS, 23.6.18) ချယ်ရီ

## နျူကလီးယားပညာရှင်များ မွေးထုတ်ပေးရန် တရုတ်တွင် နျူကလီးယားနည်းပညာတက္ကသိုလ် ဖွင့်လှစ်မည်

တရုတ်နိုင်ငံမှာ မရှိမဖြစ်လိုအပ်လာနေပြီဖြစ်တဲ့ နျူကလီးယားပညာရှင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ရာအတွက် တရုတ်နိုင်ငံပိုင် နျူကလီးယားလုပ်ငန်းစုကြီးဖြစ်တဲ့ **တရုတ်အမျိုးသားနျူကလီးယားကော်ပိုရေးရှင်း CNNC က နျူကလီးယားနည်းပညာတက္ကသိုလ်ကို ဖွင့်လှစ်သွားမယ်လို့** ကြေညာခဲ့ပါတယ်။ ထျန်ကျင်းမြို့ အစိုးရအဖွဲ့နဲ့အတူပူးပေါင်းပြီး နျူကလီးယားကဏ္ဍအထူးကျွမ်းကျင်ပညာရှင်တွေကို လေ့ကျင့်မွေးထုတ်ပေးဖို့ နျူကလီးယားနည်းပညာတက္ကသိုလ်ကြီးကိုဖွင့်လှစ်သွားမယ်လို့ ifeng သတင်းမှာဖော်ပြသွားခဲ့တာဖြစ်ပါတယ်။ မဟာဘွဲ့၊ ပါရဂူဘွဲ့ သင်တန်းတွေနဲ့ အပြည်ပြည်ဆိုင်ရာ နျူကလီးယားပညာရေးဆက်သွယ်ပို့ချမှုတွေကိုပါ ပံ့ပိုးသွားမယ့် တက္ကသိုလ်ဖြစ်တယ်လို့ CNNC က ပြောကြားခဲ့ပါတယ်။ **နျူကလီးယားတက္ကသိုလ်ပရောဂျက်အတွက် အမေရိကန်ဒေါ်လာ ၄၆၀ သန်း အသုံးပြုလုပ်**



**ဆောင်သွားမယ်လို့သိရပြီး** ပထမဆုံးအနေနဲ့ပညာရေးစနစ်တည်ဆောက်မှုကို အလေးထားဆောင်ရွက်ပြီး သုတေသနစွမ်းဆောင်မှုအထိ အဆင့်တိုးမြှင့်သွားကာ နျူကလီးယားနည်းပညာသင်ကြားရေးဆရာတွေကိုလည်း စုဆောင်းသွားမယ်လို့ CNNC လက်ထောက်အထွေထွေမန်နေဂျာဟီဇီရှင်က ပြောကြားခဲ့ပါတယ်။ **တရုတ်နိုင်ငံက နျူကလီးယားစွမ်းအင် လည်ပတ်မှုအတွက် ကမ္ဘာ့အဆင့်(၅)နေရာမှာ ရှိနေခဲ့ပေမယ့်** အနောက်နိုင်ငံတွေထက် နျူကလီးယားနည်းပညာကျွမ်းကျင်ပညာရှင်နည်းပါးနေခဲ့တာဖြစ်တယ်လို့ ဟီဇီရှင်က ပြောကြားခဲ့ပါတယ်။

(DM, 23.6.18)

သံသာ

## နယူးဇီလန်ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ရင်း ကလေးမီးဖွားခဲ့ပြီး မီးဖွားခွင့်ယူသည့် ပထမဆုံးကမ္ဘာ့ခေါင်းဆောင် ဖြစ်လာ



**နယူးဇီလန်ဝန်ကြီးချုပ်ဂျေဆင်ဒါအာဒန်က ကိုယ်ဝန်လွယ်ထားလျက်နှင့် ကလေးမီးဖွားခဲ့ပြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကလေးမီးဖွားခွင့်ယူသည့် ပထမဦးဆုံးကမ္ဘာ့ခေါင်းဆောင်ဖြစ်လာခဲ့**သည်။ ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခါစမှာပင် ကိုယ်ဝန်ရှိနေကြောင်း ကြေညာခဲ့သူဖြစ်ပြီး ယခုကလေးမီးဖွားမှုအတွက် မီးဖွားခွင့်အဖြစ် ခွင့်တစ်လခွဲယူသွားမည်ဟု ပြောကြားခဲ့သည်။ **၁၉၉၀ ပြည့်နှစ်ကပါကစ္စတန်ဝန်ကြီးချုပ်ဘီနဇီဘူတိုသည်လည်း တာဝန်ထမ်းဆောင်ရင်း ကလေးမီးဖွား ခဲ့သည့်အတွက် နယူးဇီလန်ဝန်ကြီးချုပ် ဂျေဆင်ဒါအာဒန်မှာ တာဝန်ထမ်းဆောင်ရင်း ကလေးမီးဖွားခဲ့သည့်ဒုတိယမြောက်ခေါင်းဆောင်ဖြစ်ခဲ့ပြီး ပါကစ္စတန်ဝန်ကြီးချုပ်ဘီနဇီဘူတိုကမူ မီးဖွားခွင့်မယူခဲ့ကြောင်း** သိရသည်။ ဂျေဆင်ဒါအာဒန်သည် အသက် ၃၇ နှစ်အရွယ်နှင့် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့ပြီး **ကမ္ဘာ့အသက်အငယ်ဆုံးအမျိုးသမီးခေါင်းဆောင်ဖြစ်**လာခဲ့သည်။ အော့ခလန်းစီးတီးဆေးရုံမှာ သမီးလေးကို မွေးဖွားခဲ့ပြီးနောက် ခင်ပွန်းဖြစ်သူ ကလာ့ခ်ဂေးဖို့ဒ်နဲ့အတူ မိသားစုဓာတ်ပုံလေးရိုက်ကာ အင်စတာဂရမ်မှာ သမီးလေးကို ကြိုဆိုတဲ့ဓာတ်ပုံလေး တင်ထားခဲ့တာဖြစ်ပါတယ်။ ခွင့်ယူထားတဲ့ကာလအတွင်းမှာ ဒုဝန်ကြီးချုပ်ဝင်စတန်ပီတာက အစားထိုးတာဝန်ယူထားမှာဖြစ်ပြီး အဓိကဆုံးဖြတ်ချက်တွေအတွက်တော့ အမြဲအဆင်သင့်ရှိနေမယ်လို့ ဝန်ကြီးချုပ်ဂျေဆင်ဒါအာဒန်က ပြောကြားခဲ့ပါတယ်။

(UPI, 23.6.18)

သံသာ

# ပြည်မြန်မာ ၃၅

၂၈-၆-၂၀၁၈

## ကိုရီးယားအနုပညာသတင်း

ချယ်ရီ

### အမေရိကန်ရှိုးပွဲတွေ ဖိတ်ကြားတာခံရတဲ့ Blackpink



နိုင်ငံတကာအနုပညာလောကက Blackpink အဖွဲ့ကို စိတ်ဝင်စားနေကြပါပြီ။ အမေရိကန်ရှိုးပွဲတွေနဲ့ ဂီတထုတ်လုပ်ရေးမှူးတွေက သူတို့အဖွဲ့ကို ဖိတ်နေကြတာပါ။ အခုလို ဖိတ်ကြားခံရတယ်ဆိုတဲ့သတင်းကို အေဂျင်စီနဲ့နီးစပ်သူက အတည်ပြုပေမယ့် Blackpink သွားဖြစ်မလားဆိုတာကိုတော့မသိရသေးပါဘူး။

### Sowon ရဲ့အဖေ ကွယ်လွန်သွား



GFRIEND အဖွဲ့ဝင် Sowon ရဲ့အဖေကွယ်လွန်သွားပါပြီ။ ဒါကြောင့် သူဟာ အဖွဲ့လှုပ်ရှားမှုတွေမှာ ပါနိုင်ဦးမှာ မဟုတ်ပါဘူး။ ဈာပနပွဲကို အကျဉ်းချုံးပဲ လုပ်သွားမှာပါတဲ့။

www.free4reader.com



www.free4reader.com

ပြည်မြန်မာ အချပ်ပို



## မြေပြိုခြင်း မဖြစ်စေရန် ရွှေတိဂုံစေတီတော်၏ ကြံ့ခိုင်မှုကို စစ်ဆေးမည်

စာ - ၇

Supplement A




ဓာတ်ပုံ - စမ်းချောင်း NLD

## NLD ပါတီကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၆ ဦးနှင့် အရန်အလုပ်အမှုဆောင် ၈ ဦးတို့ဖြင့် တိုးချဲ့ဖွဲ့စည်း

စာ - ၁၁

## အရန်အင်အားစာရင်းသို့ ထည့်သွင်းထားသော အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဟောင်း

စာ - B

## ဗိုလ်ချုပ်မောင်မောင်စိုးအား တပ်မတော်က နုတ်ပယ်

Photo - kccc



## ရန်ကုန် - ဒလ တံတားဒီဇိုင်း ပြန်လည်ရေးဆွဲမည်ဖြစ်၍ ယခုနှစ်ကုန်ပိုင်းမှသာ တည်ဆောက်နိုင်မည်

စာ - ၁၁




## ငွေအကြွေ သီးသန့် ထုတ်ယူနိုင်သည့် ATM စက် စတင်အသုံးပြုနိုင်ပြီ

စာ - ၁၂

Photo - MSL



## ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ၌ ဂျပန်လက်ဝှေ့သမားကို အနိုင်ထိုးမည်ဟု အောင်လ ပြော

စာ - ၁၀

Photo - MES



## Myanmar Idol Season 3 ဆန်ခါတင် ဖြိုင်ပွဲဝင်များ ပရိသတ်နှင့် တွေ့ဆုံ

စာ - ၁၂

Photo - The Irish Times



Photo - Chiang Rai Times



## မြန်မာ - ထိုင်း နယ်စပ်အနီးရှိ လိုဏ်ဂူထဲ ဝင်သွားခဲ့ကြသည့် ကျောင်းသားလေးများ၏ ကံကြမ္မာ

စာ - ၁၀

**Panasonic** နှစ် (၁၀၀) ပြည့် - ကျေးလက်လျှပ်စစ်သုံးစွဲရေးအတွက် ဈေးနှုန်းလျှော့ချခြင်းဖြင့် ပါဝင်ပါရစေ။
**YANDAYAR** (၂၂) နှစ်ပြည့် - ပစ္စည်းတိုင်းကို ဈေးနှုန်းလျှော့ချပေးပါသည်။
၃၀ (ခ) တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ဗဟန်း။
ဖုန်း ၀၁ - ၅၀၂ ၃၁၃၊ ၀၁ - ၅၀၁ ၃၂၉ ၊ ၀၁ - ၅၁၂ ၉၁၁

www.free4reader.com





၁၁-၃၃

ရေခဲစိုင်ကြီး အရည်ပျော်မသွားစေရန် စောင်ဖြင့် ဖုံးအုပ်ထား







၁-၂၆

မက်ဆီအတွက် မွေးနေ့ကိတ်ကို သက်ရှိအရွယ်အတိုင်း ပြုလုပ်ပေး



၁၁-၂၃

၂၀၁၈ ဝတ်လစ်စားလစ်အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပ



၁၁-၃၃

ရာနှင့်ချီသောတစ္ဆေရုပ်များ ပါဝင်သည့် ပင်လယ်ဓားပြလှေကြီး



၁-၃၀

အရက်သမားများ အကြိုက်တွေ့မည့် အရက်ရေခဲမုန့်

